မြန်မာ့အလင်း

၁၂၇၉ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၉ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၂ ရက်၊ ၂၀၀၇ ခုနှစ်၊ ဇူလိုင် ၁၆ ရက်၊ တနင်္လာနေ့၊ အတွဲ (၄၆)၊ အမှတ် (၂၈၄)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည် ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ်ထားရှိ မွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ နေပြည်တော် စိမ်းလန်းစိုပြည်ရေး မိုးရာသီသစ်ပင်စိုက်ပွဲတော် တက်ရောက်အားပေးချီးမြှင့်

အင်ကြင်း၊ ပိတောက်၊ ခရေနှင့် ကံ့ကော်ပင်များ စိုက်ပျိုးပေးပြီး နံ့သာရည်များပက်ဖျန်း

နေပြည်တော် ဇူလိုင် ၁၅

နေပြည်တော် စိမ်းလန်းစိုပြည်ရေးအတွက် ၂၀၀၇ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပွဲတော်ကို ယနေ့နံနက် ၉ နာရီခွဲက နေပြည်တော်ရှိ ဓာတုစယ ဓာတ်ပေါင်းစုစေတီတော် ပရဝဏ်၌ ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တက်ရောက်၍ အားပေးချီးမြှင့်ပြီး အင်ကြင်း၊ ပိတောက်၊ ခရေနှင့် ကံ့ကော်ပင်တို့ကို စိုက်ပျိုးပေးသည်။

တက်ရောက်

၂၀၀၇ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပွဲတော်သို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)၊ ကာကွယ်ရေးဦးစီးချုပ်(လေ)၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ ဝန်ထမ်းများ၊ ပျဉ်းမနားခရိုင်နှင့် မြို့နယ်တို့မှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ဓာတုစယဓာတ်ပေါင်းစုစေတီတော် အရှေ့ဘက် သတ်မှတ်နေရာ၌ အင်ကြင်းပင်ကို စတင်စိုက်ပျိုးပေးပြီး မြေဩဇာထည့်၍ ရေလောင်းပေးသည်။ ထို့နောက် နံ့သာရည်ဖြင့် ပက်ဖျန်းပေးသည်။

နံ့သာရည်ပက်ဖျန်း

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ပိတောက်ပင်ကို စိုက်ပျိုးပေးသည်။ ဆက်လက်၍ ခရေပင်နှင့် ကံ့ကော်ပင်တို့ကို စိုက်ပျိုးပေးပြီး မြေဩဇာထည့်၍ ရေလောင်းကာ နံ့သာရည်ဖြင့် ပက်ဖျန်းပေးသည်။

စာမျက်နှာ ၃ ကော်လံ ၃ ●

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ၂၀၀၇ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပွဲတော်တွင် အင်ကြင်းပင်ကို စိုက်ပျိုးပေးစဉ်။
(သတင်းစဉ်)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
၁၂၇၆ ခုနှစ်ကတည်ထောင်သည်။
Established 1914

အယ်ဒီတာ့ အာဘော်
(၂၀၀၇ ခုနှစ်၊ ဇူလိုင် ၁၆ ရက်)

တစ်မျိုးသားလုံး အကျိုးစီးပွားဖြစ်ထွန်းရေး အလေးဂရုပြု ကြိုးပမ်းဆောင်ရွက်

နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ကာလတိုငါးနှစ်စီမံကိန်းများ ချမှတ်အကောင်အထည်ဖော်လာခဲ့ရာ ယခုအခါ စတုတ္ထကာလတို ငါးနှစ်စီမံကိန်း၏ ဒုတိယနှစ်ကို ရောက်ရှိနေပြီ ဖြစ်သည်။

ငါးနှစ်စီမံကိန်း၏ ပထမနှစ်ဖြစ်သည့် ၂၀၀၆–၂၀၀၇ ဘဏ္ဍာနှစ်တွင် လယ်ယာကဏ္ဍ၊ စက်မှုကဏ္ဍနှင့် ဝန်ဆောင်မှုကဏ္ဍတို့သည် တိုးတက်လာခဲ့သည်။ ၁၉၈၈ခုနှစ်နှင့် နှိုင်းယှဉ်ကြည့်ပါက ဆန်စပါးထွက်ရှိမှုသည် နှစ်ဆကျော်၊ ပဲမျိုးစုံသည် ၁၁ဆကျော်၊ ဆီထွက်သီးနှံသည် သုံးဆခွဲကျော်၊ သားငါးကဏ္ဍသည် လေးဆကျော် တိုးတက်ထွက်ရှိခဲ့ကြောင်း တွေ့ရသည်။

ဤကဲ့သို့ လယ်ယာထွက်ကုန်သီးနှံများ တိုးတက်ထွက်ရှိပြီး စက်မှုကုန်ထုတ် တိုးတက်ထုတ်လုပ်လာနိုင်မှုတို့ကြောင့် ပို့ကုန်၊သွင်းကုန် ကူးသန်းရောင်းဝယ်သည့် ပမာဏသည် တစ်နှစ်ထက်တစ်နှစ် တိုးတက်လျက်ရှိသည်။ နိုင်ငံတော်၏ နိုင်ငံခြားကုန်သွယ်မှုပမာဏသည် ၂၀၀၂–၂၀၀၃ ခုနှစ်မှစ၍ ဒေါ်လာသန်း ၅၃၀၀ကျော်ခဲ့ပြီး ပိုငွေစတင်ပြခဲ့သည်။ ထိုနှစ်မှစ၍ နှစ်စဉ်ပိုငွေပြခဲ့ရာ ၂၀၀၆–၂၀၀၇ ခုနှစ်တွင် နိုင်ငံခြားကုန်သွယ်မှုပမာဏ ဒေါ်လာသန်း ၈၀၀၀ကျော်အထိ တိုးတက်လာသည်။

ပို့ကုန်ပိုင်း၌ နှစ်စဉ်တိုးတက်လာသကဲ့သို့ သွင်းကုန်ပိုင်းတွင်လည်း ကုန်သည်လုပ်ငန်းရှင်များအား လိုအပ်ချက်အတိုင်း တင်သွင်းခွင့်ပြုခဲ့သည်။ နိုင်ငံတော်အနေဖြင့် နိုင်ငံ၏ ကုန်သွယ်မှုကဏ္ဍ တိုးတက်ရေးအတွက် တိုင်းရင်းသားလုပ်ငန်းရှင်များအား ကူးသန်းရောင်းဝယ်မှုကျွမ်းကျင်ပြီး ပြည်ပသို့ ထိုးဖောက်နိုင်သည်အထိ တိုးမြှင့်လုပ်ဆောင်နိုင်စေရန် ရည်မှန်းချက်ထား၍ အားပေးဖြည့်ဆည်းပေးလျက် ရှိသည်။

ကုန်သည်လုပ်ငန်းရှင်များအနေဖြင့် အရည်အသွေးပြည့်မီသည့် ကုန်ပစ္စည်းများကိုသာ တင်ပို့၊ တင်သွင်းခြင်းဖြင့် တစ်မျိုးသားလုံး အကျိုးစီးပွားဖြစ်ထွန်းရေးကို အလေးဂရုပြု ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ပုသိမ်မြို့ စကားဝါလမ်း အမှတ် ၄၉၄ နေ ဦးသိန်းအောင်–ဒေါ်မြမြဝင်း မိသားစုက ဒဂုံမြို့နယ် အမှတ် ၁၆စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူငွေကျပ် နှစ်သိန်းကို အနုနာယကဆရာတော် ဘဒ္ဒန္တပဏ္ဍိစ္စထံ ရေစက်ချ အနုမောဒနာတရားနာယူပြီး တိ=နိ (ပင်မ)ဥက္ကဋ္ဌ ဦးအေးဖေထံ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

မကွေး ပညာရေးကောလိပ် ငွေပဒေသာပင်စိုက်ထူပွဲ အထွေထွေအတွင်းရေးမှူး ဦးဌေးဦး တက်ရောက်အားပေး

နေပြည်တော် ဇူလိုင် ၁၅

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦးသည် မကွေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေနှင့်အတူ ဇူလိုင်၇ရက် နံနက်၁၁နာရီက မကွေးမြို့ မကွေးပညာရေးကောလိပ်သို့ သွားရောက်ပြီး ငွေပဒေသာပင် စိုက်ထူပွဲအခမ်းအနားသို့ တက်ရောက်အားပေးကြသည်။

တက်ရောက်

အခမ်းအနားသို့ ဌာနဆိုင်ရာများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအပါအဝင် လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မကွေးပညာရေးကောလိပ်မှ ကျောင်းအုပ်ဆရာမကြီးနှင့် ကျောင်းသားကျောင်းသူများ တက်ရောက်ကြသည်။

အမှာစကားပြောကြား

အခမ်းအနားတွင် ရှေးဦးစွာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦးက အမှာစကား ပြောကြားသည်။**(အပေါ်ပုံ)**

ငွေပဒေသာပင်စိုက်ထူ

ဆက်လက်၍ ငွေပဒေသာပင်များကို စိုက်ထူပေးကြရာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ လှူဒါန်းငွေကို ဆည်မြောင်းဦးစီးဌာန ခေတ္တ ညွှန်ကြားရေးမှူးချုပ် ဦးခင်ဇော်ကလည်းကောင်း၊ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ လှူဒါန်းငွေကို ဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေကလည်းကောင်း၊ မကွေးတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ လှူဒါန်းငွေကို ဥက္ကဋ္ဌ ဒေါ်စန်းစန်းမြင့်ကလည်းကောင်း၊ မကွေးတိုင်း အမျိုးသမီးရေးရာအဖွဲ့မှ လှူဒါန်းငွေကို ဥက္ကဋ္ဌ ဒေါ်သန်းသန်းဝင်းက လည်းကောင်း၊ မကွေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ လှူဒါန်းငွေကို တိုင်း အတွင်းရေးမှူး ဦးမောင်မောင်ဌေးကလည်းကောင်း၊ မြန်မာနိုင်ငံ ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့်စားဖိုဆောင်သီးနှံစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းမှ လှူဒါန်းငွေများကို တာဝန်ရှိသူများက လည်းကောင်း ပေးအပ်ကြရာ မကွေးပညာရေးကောလိပ် ကျောင်းအုပ် ဆရာမကြီး ဒေါ်မြင့်မြင့်သန်းက လက်ခံရယူပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

အခမ်းအနားအပြီးတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူးသည် မကွေးပညာရေးကောလိပ် ဆရာ၊ဆရာမများ၊ ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၆–၇–၂၀၀၇ (တနင်္လာနေ့)

၇း၀၀	MRTV-4 အဖွင့် Logo ယနေ့အစီအစဉ်
၇း၀၅	ပြတ်ပြတ်သားသား တရားတော် (ဓမ္မဒူတ အရှင်ဆေကိန္ဒ)
၈း၀၅	သဘာဝကပေးတဲ့ အကျိုးအာနိသင်
၈း၂၀	တေးဂီတအစီအစဉ်
၈း၂၅	Activities in the City
၈း၅၀	တေးဂီတအစီအစဉ်
၈း၅၅	MRTV-4 စာအုပ်စင်ကဏ္ဍ (ဆရာရှိန်း ဝတ္ထုတိုများရေးသားသူ စာရေးဆရာ နော်ရထာဝင်းနှင့် တွေ့ဆုံခြင်း)
၉း၃၅	ပြည်တွင်းသတင်းအကျဉ်း
၉း၄၅	တေးဂီတအစီအစဉ်
၉း၅၀	မြန်မာ့အနုပညာ ပန်းငွေထည်လုပ်ငန်း
၁၀း၀၅	တေးဂီတအစီအစဉ်
၁၀း၁၅	အောင်မြေရွှေဘိုမြို့ အပိုင်း(၁)
၁၀း၃၀	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၃၅	ကျန်းမာပျော်ရွှင် မီးအိမ်ရှင်ကဏ္ဍ (ကိုယ်ဝန်တားဆီးခြင်း နည်းလမ်းများနှင့် ပတ်သက်သော ကျန်းမာရေး အမေးအဖြေများ) (ဒေါက်တာ နိုက်တင်ဂေးလ်နှင့် ဆွေးနွေးခန်း)
၁၁း၀၀	တေးဂီတအစီအစဉ်
၁၁း၀၅	မိုးလေဝသခန့်မှန်းချက်
၁၁း၁၀	အရှိန်အဝါတောက်ပ မီးချောင်းရဲ့ သဘာဝ
၁၁း၂၅	တေးဂီတအစီအစဉ်
၁၁း၃၀	ရေငွေ့သုံး ဆန်အရောင်တင်စက်
၁၁း၅၀	ပြည်တွင်းသတင်းအကျဉ်း
၁၂း၀၀	**အား ..... နာတယ်** **ခန့်စည်သူ၊ မိုးပြည့်ပြည့်မောင်၊ ရော၊ မျိုးမျိုးခိုင်** **(ဒါရိုက်တာ–ဖုန်းမြင့်အောင်)**
၁၂း၁၅	တေးဂီတအစီအစဉ်
၁၂း၂၀	Fashion Guide (ငါးထပ်ကွမ်း အကယ်ဒမီ မြင့်မြင့်ခင်နှင့် တွေ့ဆုံခြင်း)
၁၂း၄၀	နိုင်ငံတကာသတင်းအကျဉ်း
၁၂း၄၅	ပျော်ရွှင်မှုကိုခံစားစေမည့် ဘက်စုံကစားကွင်းဆီ
၁း၀၀	MRTV-4 အပိတ် Logo

အထက်ပါ ခြောက်နာရီစာ အစီအစဉ်များကို နံနက် ၇ နာရီမှ မွန်းလွဲ ၁နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ ၁နာရီမှ ည ၇နာရီအထိ တစ်ကြိမ်၊ ည ၇နာရီမှ နံနက် ၁နာရီအထိ တစ်ကြိမ်၊ နံနက် ၁နာရီမှ နံနက် ၇နာရီအထိ တစ်ကြိမ် လေးကြိမ်ဆက်တိုက် ၂၄နာရီ အချိန်ပြည့် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။
MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

၂၀၀၇ ခုနှစ် အာရှဖလားပွဲစဉ်များ

အချိန်	**ပွဲစဉ်**	**ပြသမည့်လိုင်း**
ညနေ ၄း၅၀	ဗီယက်နမ်–ဂျပန်	MRTV-4 (Live)
ည ၇း၀၅	ထိုင်း–ဩစတြေးလျ	MRTV-4 (Live)

မြဝတီရုပ်မြင်သံကြား

၁၆–၇–၂၀၀၇ (တနင်္လာနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မျိုးချစ်တပ်မတော်
၇း၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၅။	မြန်မာသံစဉ်ချိုနှားဝင်
၇း၄၅	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၀	၇။	သာယာသီကြွေးခေတ်ဆန်းတေး
၇း၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၀။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၅	၃။	အမျိုးသားရေးတေးကဗျာ
၄း၂၅	၄။	ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄း၅၀	၅။	မျိုးချစ်တပ်မတော်
၅း၁၀	၆။	ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
၅း၃၀	၇။	သာယာသီကြွေးခေတ်ဆန်းတေး
၆း၀၀	၈။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၉။	နိုင်ငံတကာသတင်း
၆း၂၀	၁၀။	အမျိုးသားရေးတေးကဗျာ
၆း၃၅	၁၁။	လျှပ်တစ်ပြက်
၇း၀၀	၁၂။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ပဲပေါင်မုန့်** (အပိုင်း–၁၂)
၈း၀၀	၁၃။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၄။	မိုးလေဝသသတင်း
	၁၅။	အမျိုးသားရေးတေးကဗျာ
	၁၆။	မေးမြန်းစူးစမ်း
	၁၇။	ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
	၁၈။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **သစ္စာကြီးမား(သား)ပေါင်ချိန်** (အပိုင်း–၇)

● ရှေ့ဖုံးမှ

ယင်းနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် အင်ကြင်းပင်ကို စိုက်ပျိုးပေးကာ မြေဩဇာထည့်၍ ရေလောင်းပြီး နံ့သာရည်ဖြင့် ပက်ဖျန်းပေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် ပိတောက်ပင်၊ ခရေပင်နှင့် ကံ့ကော်ပင်တို့ကို စိုက်ပျိုးပေးသည်။

မြေဩဇာထည့်

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်းသည် အင်ကြင်း၊ ပိတောက်၊ ခရေနှင့် ကံ့ကော်ပင်တို့ကို စိုက်ပျိုးပေးပြီး မြေဩဇာထည့်၍ ရေလောင်းကာ နံ့သာရည်ဖြင့် ပက်ဖျန်းပေးသည်။

ဆက်လက်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် အင်ကြင်း၊ ပိတောက်၊ ခရေနှင့် ကံ့ကော်ပင်တို့ကို စိုက်ပျိုးပေးသည်။

စိုက်ပျိုး

ယင်းနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)၊ ကာကွယ်ရေးဦးစီးချုပ်(လေ)၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ တိုင်းမှူးနှင့်ဝန်ကြီးများသည် ခရေပင်နှင့် ကံ့ကော်ပင်များကို စိုက်ပျိုးပေးကြသည်။

ကံ့ကော်ပင်များစိုက်ပျိုး

တစ်ပြိုင်တည်းမှာပင် ဌာနဆိုင်ရာအကြီးအကဲများ၊ ဝန်ထမ်းများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များသည် ပရဝဏ်အတွင်းရှိ သတ်မှတ်နေရာများ၌ ခရေပင်နှင့် ကံ့ကော်ပင်များကို စိုက်ပျိုးပေးကြသည်။

တက်ရောက်အားပေးချီးမြှင့်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် မိုးရာသီ သစ်ပင်စိုက်ပွဲတော်သို့ တက်ရောက်အားပေးချီးမြှင့်ပြီး နံနက် ၁၀နာရီခွဲတွင် ဓာတုစယဓာတ်ပေါင်းစု စေတီတော်မှ ပြန်လည်ထွက်ခွာသွားသည်။ **(သတင်းစဉ်)**

ခရေပင် စိုက်ပျိုးပေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ၂၀၀၇ခုနှစ် မိုးရာသီသစ်ပင်စိုက်ပွဲတော်တွင် ခရေပင်ကို စိုက်ပျိုးပေးစဉ်။ (သတင်းစဉ်)

ကံ့ကော်ပင် စိုက်ပျိုးပေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း ၂၀၀၇ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပွဲတော်တွင် ကံ့ကော်ပင်ကို စိုက်ပျိုးပေးစဉ်။

(သတင်းစဉ်)

အင်ကြင်းပင် စိုက်ပျိုးပေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ၂၀၀၇ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပွဲတော်တွင် အင်ကြင်းပင်ကို စိုက်ပျိုးပေးစဉ်။

(သတင်းစဉ်)

စီးပွားရေးတက္ကသိုလ်(ရန်ကုန်) ဘွဲ့ရကျောင်းသားဟောင်းများ ဝါဆိုသင်္ကန်းဆက်ကပ်

ရန်ကုန် ဇူလိုင် ၁၅

၁၉၇၄-၇၈ ခုနှစ် စီးပွားရေး တက္ကသိုလ်(ရန်ကုန်)ဘွဲ့ရ ကျောင်းသား ကျောင်းသူဟောင်းများ၏ ဝါဆိုသင်္ကန်းကပ်လှူပွဲကို ဇူလိုင် ၂၉ ရက် (ဓမ္မစကြာနေ့) တနင်္ဂနွေနေ့ နံနက် ၁၀ နာရီတွင် မင်းကွန်းတိပိဋကနိကာယ ကျောင်းတိုက် စကားဝါလမ်း ဒဂုံမြို့နယ်၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသူကျောင်းသားများအနေဖြင့် ကိုလင်းကြည် ဖုန်း-၀၉-၅၀၀၈၁၂၂၊ ကိုမင်းသန်းဌေး ဖုန်း-၅၃၄၅၄၉၊ ကိုခိုင်စိုးသိန်း ဖုန်း-၂၉၄၃၉၁၊ ကိုအေးမြင့် ဖုန်း-၂၉၂၅၁၃၊ မစန်းစန်းအေး ဖုန်း-၅၄၈၆၆၄နှင့်မကြူကြူဝင်း ဖုန်း-၀၉-၅၁၃၉၉၇၀တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ရွှေတိဂုံစေတီတော် ဒုတိယဝါဆိုလပြည့် (ဓမ္မစကြာနေ့) သောက်ရေသန့်ဘူးများဒါနပြုပွဲ

ရန်ကုန် ဇူလိုင် ၁၅

၁၃၆၉ခုနှစ် ဒုတိယဝါဆိုလပြည့်(ဓမ္မစကြာနေ့) ဇူလိုင်၂၉ရက် (တနင်္ဂနွေနေ့)တွင် ရွှေတိဂုံစေတီတော် အလယ်ပစ္စယာ၊ သောကြာထောင့် မြောက်ဘက်မုခ်စောင်းတန်းအနီး ဝေနေယျသုခမ္မောရုံနှင့် ရွှေတိဂုံစေတီတော်အလယ်ပစ္စယာ၊ စောင်းတန်းလေးသွယ်တို့ အနီးမှနေ၍ ဝေနေယျသုခရေချမ်းစင်အသင်း (၁၀၂)နှစ်ပြည့် အထိမ်းအမှတ် သောက်ရေသန့်ဘူးပေါင်း သုံးသောင်း(ကျပ်၂၂သိန်းဖိုး)ကို တစ်နေကုန်စတုဒိသာဒါနပြုလှူဒါန်းမည်။ ယခုအထိ သောက်ရေသန့်ဘူးပေါင်းရှစ်သိန်း လှူဒါန်းပြီးခဲ့သည်ကို သာဓုခေါ်ဆိုပါရန်နှင့် ရာသက်ပန်သောက်ရေသန့်ရေပဒေသာပင်တစ်ပင်လျှင် အနည်းဆုံးကျပ်တစ်သောင်းနှုန်းဖြင့် လှူဒါန်းနိုင်ရန် ဖုန်း-၃၈၁၇၃၆နှင့် ဖုန်း-၃၈၃၅၁၁-လိုင်းခွဲ၁၇၁သို့ လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ပြန်ကြားရေးဝန်ကြီးဌာန၏ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်ကျင်းပ

နေပြည်တော် ဇူလိုင် ၁၅

ပြန်ကြားရေးဝန်ကြီးဌာန၏ ၂၀၀၇ခုနှစ် နေပြည်တော် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံးရှေ့၌ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းနှင့် ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်းတို့မှ ဝန်ထမ်းများက ဝန်ကြီးရုံးရှေ့ ဇေယျဌာနီလမ်း(အရှေ့ဘက်ခြမ်း)၌ မဟော်ဂနီ၊ ခရေ၊ မန်ကျည်းစသည့် အပင်များကို တပျော်တပါး စုပေါင်းစိုက်ပျိုးကြသည်။ **(ဝဲပုံ)**

(သတင်းစဉ်)

ရုပ်ရှင်နှင့်ဗီဒီယိုလောက ဖွံ့ဖြိုးရေးနှင့် စည်းလုံးညီညွတ်ရေး အလေးထား ထုတ်လုပ်မှုအဆင့်အတန်း၊ အရည်အသွေးမြင့်မားအောင် ကြိုးပမ်းဆောင်ရွက်

အမျိုးသားရေးတာဝန်များ နိုင်ငံတော်နှင့်အတူ လက်တွဲပူးပေါင်းထမ်းဆောင်

ရန်ကုန် ဇူလိုင် ၁၅

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ယနေ့နံနက် ၁၀ နာရီခွဲက ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ မြန်မာ့ရုပ်ရှင်လုပ်ငန်း(ရုံးချုပ်) အစည်းအဝေးခန်း၌ အသစ်ရွေးချယ်ဖွဲ့စည်းပြီးဖြစ်သော မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌနှင့် အမှုဆောင်အသစ်များ၊ ယခင် ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌနှင့် အမှုဆောင် အဟောင်းများအားတွေ့ဆုံ၍ မြန်မာ့ရုပ်ရှင်နှင့် ဗီဒီယိုလောက ဖွံ့ဖြိုးတိုးတက်ရေးကို ဆွေးနွေးမှာကြားသည်။

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း အသစ်ရွေးချယ်ဖွဲ့စည်းပြီးဖြစ်သော မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌနှင့် အမှုဆောင်အသစ်များ၊ ယခင်ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌနှင့် အမှုဆောင် အဟောင်းများအား အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

တွေ့ဆုံပွဲသို့ ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူး၊ ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဗဟိုအလုပ်အမှုဆောင်များ၊ အသစ်ဖွဲ့စည်းထားသည့် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး အလုပ်အမှုဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးမြင့်သိန်းဖေနှင့် အမှုဆောင်များ၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး အလုပ်အမှုဆောင်အဖွဲ့ အဟောင်းဥက္ကဋ္ဌ ဦးကြည်စိုးထွန်းနှင့် အမှုဆောင် အဟောင်းများ၊ ဂျာနယ်၊ မဂ္ဂဇင်းများမှတာဝန်ရှိသူများနှင့်သတင်းထောက်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အမှာစကားပြောကြားရာ၌ ဥက္ကဋ္ဌ ဦးကြည်စိုးထွန်း ဦးစီးသည့် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး အမှုဆောင်အဖွဲ့ အဟောင်းကို ၂၀၀၅ ခုနှစ် ဇွန် ၄ ရက်တွင် ဖွဲ့စည်းတာဝန်ပေးခဲ့ပြီး ယခု ၂၀၀၇ ခုနှစ် ဇွန် ၂၄ ရက်တွင် ဥက္ကဋ္ဌ ဦးမြင့်သိန်းဖေ ဦးစီးသည့် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး အမှုဆောင်အဖွဲ့ အသစ်ကို ပြန်လည်ရွေးချယ် ဖွဲ့စည်းတာဝန်ပေးခဲ့ကြောင်း၊ မြန်မာနိုင်ငံရုပ်ရှင် အစည်းအရုံးနှင့် အခြေခံအလွှာများကို နှစ်နှစ်သက်တမ်းသတ်မှတ်ပြီး မူဘောင်များနှင့်အညီ ယခုကဲ့သို့ အသစ်တစ်ဖန် ပြန်လည် ဖွဲ့စည်းခဲ့ခြင်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးအမှုဆောင် အဖွဲ့အဟောင်းနှင့် အခြေခံအလွှာများ တွင်ပါဝင်သည့် အဖွဲ့ဝင်ဟောင်းများသည် မိမိတို့၏ လူမှုရေး၊ စီးပွားရေးနှင့် အနုပညာလုပ်ငန်းများကို လျစ်လျူရှုပြီး နှစ်နှစ်တာကာလအတွင်း ရုပ်ရှင်လောကသားများနှင့် ရုပ်ရှင်လောက၏ အကျိုးကို ရှေးရှု၍ နိုင်ငံတော်၏ လိုလားချက်နှင့်အညီ စိတ်ရင်းစေတနာအပြည့်အဝဖြင့် ပူးပေါင်းဆောင်ရွက်ခဲ့ခြင်းကို မိမိအနေဖြင့် အသိအမှတ်ပြု မှတ်တမ်းတင် ကျေးဇူးတင်ရှိပါကြောင်းကို ပြောကြားလိုကြောင်း။

ပူးပေါင်းထမ်းဆောင်

ရုပ်ရှင်လောက ဖွံ့ဖြိုးတိုးတက်ရေးနှင့် ရုပ်ရှင်လောကသားများ၏ အကျိုးအတွက် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးအနေဖြင့် ဆောင်ရွက်ရမည့် ရည်ရွယ်ချက်(၅)ရပ်ကို ချမှတ်ထားပြီးဖြစ်ကြောင်း၊ အဆိုပါ ရည်ရွယ်ချက်(၅)ရပ်မှာ–

(က) ရုပ်ရှင် လောကသားများ၏ လူနေမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာ့ရုပ်ရှင်နှင့် ဗီဒီယိုလောက ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်းလုံးညီညွတ်ရေးကို အလေးထား ဆောင်ရွက်ရန်၊

(ခ) မြန်မာ့ရုပ်ရှင်နှင့် ဗီဒီယို ထုတ်လုပ်မှု၊ စက်မှုနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရန်၊

(ဂ) မြန်မာ့ရုပ်ရှင်နှင့် ဗီဒီယိုဇာတ်ကားများ၏ ထုတ်လုပ်မှု အဆင့်အတန်း၊ အရည်အသွေးမြင့်မားအောင် ကြိုးပမ်းဆောင်ရွက်ရန်၊

(ဃ) မြန်မာ့ရုပ်ရှင်နှင့် ဗီဒီယိုဇာတ်ကားများ ပြည်ပသို့ ထိုးဖောက်ပြသ၍ ဈေးကွက်ရရှိအောင် ဆောင်ရွက်ရန်၊

(င) နိုင်ငံတော်၏ အမျိုးသားရေးတာဝန်များကို နိုင်ငံတော်အစိုးရနှင့်အတူ လက်တွဲ ပူးပေါင်းထမ်းဆောင်ကြရန်

တို့ပင် ဖြစ်ကြောင်း။

ယင်းရည်ရွယ်ချက် (၅)ရပ်သည် ရုပ်ရှင်လောက ဖွံ့ဖြိုးရေးအတွက် လုပ်သင့်လုပ်ထိုက်၊ ဆောင်ရွက်သင့် ဆောင်ရွက်ထိုက်သည့် လုပ်ငန်းများဖြစ်၍ အစည်းအရုံးအသစ်အနေဖြင့်ရော၊ ရုပ်ရှင်လောကသား အားလုံးကပါ အားကြိုးမာန်တက် ဝိုင်းဝန်းအကောင်အထည်ဖော် ဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားလိုကြောင်း။

အကောင်အထည်ဖော်

ယင်းရည်ရွယ်ချက် (၅)ရပ်ကို လက်တွေ့အောင်မြင်အောင် အကောင်အထည်ဖော်ရန်အစည်းအရုံးက ဦးဆောင်ကြိုးပမ်းဆောင်ရွက်ရမည့် အခြေခံအချက် (၁၂)ချက်ရှိကြောင်း၊ ထိုအခြေခံအချက်(၁၂)ချက်ကို အကောင်အထည်ဖော်ရာတွင် ကျယ်ပြန့်လွန်းသည့်အတွက်ကြောင့် အခြေခံအချက် (၁၂)ချက်ထဲမှပင် အစည်းအရုံးက ဦးဆောင်ပြီး လုပ်ငန်းရှင်များက လတ်တလော ဦးတည်ဆောင်ရွက်ရမည့် အချက်(၅)ချက်ကို သတ်မှတ်ပေးထားပါကြောင်း၊ ယင်းအချက် (၅)ချက်မှာ–

(က) နိုင်ငံတော်မှ မူဘောင်နှင့်အညီ ပံ့ပိုးပေးမှုဖြင့် ခေတ်မီ Studio ကို တစ်ဦးတည်ဖြစ်စေ၊ အများနှင့်ဖြစ်စေ ပူးပေါင်း အကောင်အထည်ဖော်ရန်၊

(ခ) Stereo အသံစနစ်ကို တည်းဖြတ်နိုင်သည့် တည်းဖြတ်စက် ထူထောင်ရန်၊

(ဂ) နိုင်ငံတကာအဆင့်မီ ရိုက်ကူးနိုင်သည့်ရုပ်ရှင်ရိုက်ကင်မရာကောင်းများရှိလာစေရေး ဆောင်ရွက်ရန်၊

(ဃ) ပုဂ္ဂလိကပိုင်နှင့် နိုင်ငံတော်မှ ငှားရမ်းလုပ်ကိုင်နေသည့် ရုပ်ရှင်ရုံများကို ခေတ်မီအောင် ပြုပြင်တည်ထောင်သွားရန်၊

(င) နိုင်ငံတကာအဆင့်မီ ခေတ်မီ ရုပ်ရှင်ရုံ တစ်ရုံ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့တွင် ပေါ်ထွန်းလာစေရေးအတွက် ဆောင်ရွက်ရန်

တို့ပင်ဖြစ်ကြောင်း။

ဖြည့်ဆည်းပေး

ထို့ကြောင့် ရုပ်ရှင်လောက ဖွံ့ဖြိုးတိုးတက်ရေးနှင့် ရုပ်ရှင်လောကသားများအတွက် လက်ရှိချမှတ်ထားသော ရည်ရွယ်ချက်(၅)ရပ်၊ အခြေခံအချက် (၁၂)ချက်နှင့် လုပ်ငန်းရှင်များ ဆောင်ရွက်ရမည့် အချက်(၅)ချက်တို့ကို မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး အသစ်အနေဖြင့် အလေးထားလိုက်နာဆောင်ရွက်ပြီး ရုပ်ရှင်လောကသားအားလုံးနှင့်ပူးပေါင်းကာ တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်း မှာကြားလိုကြောင်း၊ ယခုအခါ ဒစ်ဂျစ်တယ် အသံစနစ်ဆိုင်ရာပစ္စည်းများ၊ ခေတ်မီ ကူးဆေးစက်ဆိုင်ရာ ပစ္စည်းများကို ပြည်ပမှ ဝယ်ယူဖြည့်ဆည်းပေးထားပြီး ဖြစ်ကြောင်း။

အဖွဲ့အစည်းတစ်ခုအနေဖြင့်လုပ်ငန်း ဆောင်ရွက်ရာတွင် ဝိရောဓိများနှင့် တွေ့ကြုံရမည်ဖြစ်ရာ အဆိုပါဝိရောဓိများကို ပေါင်းစပ် ညှိနှိုင်းတိုင်ပင် သည်းခံခွင့်လွှတ်ခြင်းတို့ဖြင့် မူဘောင်များအတွင်းမှ ကြိုးပမ်းဆောက်ရွက်သွားပါက ဝိရောဓိများ ကြေပျက်ပြီး လုပ်ငန်းများကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်မည်ဟု ပြောကြားလိုကြောင်း။

နိဂုံးချုပ်အနေဖြင့် ပြောကြားလိုသည်မှာ အစည်းအရုံးအသစ်အနေဖြင့် မိမိတို့ထမ်းဆောင်ရမည့် နှစ်နှစ်တာကာလအတွင်း လုပ်ငန်းများကို အောင်မြင်အောင်၊ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ကြပါ။ အလားတူပင် အစည်းအရုံး အဟောင်းများကလည်း လိုအပ်သော အကြံအဉာဏ်များ၊ အကူအညီများပေး၍ ဝိုင်းဝန်း ပူးပေါင်း ဆောင်ရွက်ခြင်းဖြင့် ရုပ်ရှင်လောကနှင့် ရုပ်ရှင်လောကသားများ၏ အကျိုး ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ကြစေလိုကြောင်းဖြင့် တိုက်တွန်းပြောကြားသွားသည်။

ဆက်လက်၍ မြန်မာနိုင်ငံရုပ်ရှင် အစည်းအရုံး အလုပ်အမှုဆောင်အဖွဲ့ အဟောင်းဥက္ကဋ္ဌ ဦးကြည်စိုးထွန်းက ကျေးဇူးတင် နှုတ်ဆက်စကား ပြောကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် မြန်မာနိုင်ငံ ရုပ်ရှင် အစည်းအရုံး အလုပ်အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌ ဦးမြင့်သိန်းဖေက အမှုဆောင် အဟောင်း၏ အားသာချက်များကို ပိုမို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အားနည်းချက်များကို နည်းနိုင်သမျှ နည်းသွားအောင် ဆောင်ရွက်၍ အများ အကျိုးအတွက် စိတ်ကောင်းနှင့်ယှဉ်ကာ တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ရှင်းလင်း တင်ပြသည်။

ပံ့ပိုးမည်

ယင်းနောက် မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ အတွင်းရေးမှူး ဒေါက်တာတင်ထွန်းဦးနှင့် အလင်းတန်းဂျာနယ်မှ ဦးဝင်းငြိမ်းတို့က မြန်မာ့ရုပ်ရှင်လောကနှင့် ရုပ်ရှင်လောကသားများ ဖွံ့ဖြိုးတိုးတက်အောင်မြင်ရေးအတွက် မီဒီယာအပိုင်းက ပါဝင်ကူညီပံ့ပိုးဆောင်ရွက်ပေးမည် ဖြစ်ကြောင်း ရှင်းလင်းတင်ပြကြပြီး တွေ့ဆုံပွဲကို ရုပ်သိမ်းလိုက်သည်။

တွေ့ဆုံပွဲအပြီးတွင် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။ **(သတင်းစဉ်)**

အိန္ဒိယနိုင်ငံ မွန်ဘိုင်းမြို့တွင် တည်ဆောက်လျက်ရှိသော ကမ္ဘာ့ဝိပဿနာ စေတီတော်ကြီးအတွက် အမှတ် ၇၃၂ ဓောတိကလမ်း ၁၆/၁ ရပ်ကွက် သဃ်န်းကျွန်းမြို့နယ်နေ ဦးမျိုးမြင့်-ဒေါ်ခင်ဆွေ သားသမီးမြေး တစ်စုက အလှူငွေကျပ် ခြောက်သိန်းကို ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

သန်လျင် ဖားအောက်ရိပ်သာ ဝါဆိုသင်္ကန်းကပ်လှူမည်

ရန်ကုန် ဇူလိုင် ၁၅

အပြည်ပြည်ဆိုင်ရာ ဗုဒ္ဓသာသနာ့ရိပ်သာ ဖားအောက်တောရရိပ်သာ (သန်လျင်)၏ ဒသမအကြိမ် ဝါဆိုသင်္ကန်းကပ်လှူပွဲကို ဇူလိုင် ၂၈ ရက် (စနေနေ့) နံနက် ၈ နာရီခွဲတွင် သီရိခေမာမွေ့သာလာ ဓမ္မာရုံကြီးတွင် ကျင်းပမည်ဖြစ်ရာ ရုပ်နီးရုပ်ဝေးမှ စေတနာရှင် အလှူရှင်များအနေဖြင့် ဖုန်း-၀၅၆-၂၁၈၂၇၊ ၀၁-၇၂၀၇၂၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

အမျိုးသားညီလာခံကိုယ်စားလှယ်များ ဆက်လက်ရောက်ရှိ

ရန်ကုန် ဇူလိုင် ၁၅

အမျိုးသားညီလာခံသို့ တက်ရောက်ရန် ရခိုင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းတို့မှ အမျိုးသားညီလာခံကိုယ်စားလှယ်များသည် ယနေ့နံနက်ပိုင်းနှင့် မွန်းလွဲပိုင်းတို့တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ လေကြောင်းခရီးဖြင့် လည်းကောင်း၊ ရန်ကုန်ဘူတာကြီးသို့ မြန်မာ့မီးရထားဖြင့်လည်းကောင်း ရန်ကုန်မြို့သို့ ရောက်ရှိလာကြသည်။

ပို့ဆောင်ပေး

အဆိုပါ အမျိုးသားညီလာခံ ကိုယ်စားလှယ်များအား အမျိုးသား ညီလာခံကျင်းပရေး၊ ဖိတ်ကြားရေးနှင့် ကြိုဆိုနေရာချထားရေး ဆပ်ကော်မတီ ဥက္ကဋ္ဌ ဗိုလ်မှူးကြီးထိန်လင်းနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်နှင့် ရန်ကုန် ဘူတာကြီးတို့မှ ကြိုဆိုကြပြီး အမျိုးသားညီလာခံကျင်းပမည့် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းသို့ မော်တော်ယာဉ်များဖြင့် ပို့ဆောင်ပေးကြသည်။

ကြိုဆို

အလားတူ ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် မကွေးတိုင်းတို့မှ အမျိုးသားညီလာခံကိုယ်စားလှယ်များသည် နံနက်ပိုင်းနှင့် ညနေပိုင်းတို့တွင် အမျိုးသားညီလာခံကျင်းပမည့် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းသို့ မော်တော်ယာဉ်များဖြင့် ရောက်ရှိလာကြရာ အမျိုးသားညီလာခံကျင်းပရေး၊ ဖိတ်ကြားရေးနှင့် ကြိုဆိုနေရာချထားရေးဆပ်ကော်မတီမှ တာဝန်ရှိသူများက ကြိုဆိုကြပြီး တည်းခိုဆောင်များသို့ ပို့ဆောင် နေရာချထားပေးကြသည်။ **(သတင်းစဉ်)**

အမျိုးသားညီလာခံသို့ တက်ရောက်ရန် ရခိုင်ပြည်နယ်မှ အမျိုးသား ညီလာခံကိုယ်စားလှယ်များ ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ရောက်ရှိလာရာ ကြိုဆိုသူများနှင့်အတူ တွေ့ရစဉ်။ (သတင်းစဉ်)

မန္တလေးပြည်ကြီးတံခွန်မြို့နယ် မဟာသုန္ဒရာရာမ ပရိယတ္တိစာသင်တိုက် နှစ်ထပ်စာသင်ဆောင် ပန္နက်တင်မင်္ဂလာအခမ်းအနားကျင်းပ

တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်နှင့် ဝန်ကြီးဦးအောင်သောင်း တက်ရောက်ပန္နက်တင်ပေး

နေပြည်တော် ဇူလိုင် ၁၅

မန္တလေးတိုင်း ပြည်ကြီးတံခွန်မြို့နယ် တံခွန်တိုင်ရပ်ကွက် (အမရပူရမြို့နယ် မဟာဂန္ဓာရုံကျောင်းတိုက်ခွဲ) မဟာသုန္ဒရာရာမ ပရိယတ္တိစာသင်တိုက် နှစ်ထပ်စာသင်ဆောင် ပန္နက်တင်မင်္ဂလာအခမ်းအနားကို ယမန်နေ့နံနက် ၇ နာရီက အဆိုပါကျောင်းတိုက်၌ ကျင်းပသည်။

အစီအစဉ်အရ မဟာဂန္ဓာရုံတိုက်ခွဲ နေရှင်နယ်ဓမ္မာရုံ သိမ်ကျောင်းတော်ကြီး၌ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲနှင့် အလှူငွေပေးအပ်လှူဒါန်းပွဲကို ကျင်းပရာ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ အဂ္ဂမဟာပဏ္ဍိတ မဟာနာယကချုပ်ဆရာတော် ဘဒ္ဒန္တ ကုဏ္ဍလာဘိဝံသနှင့် ပင့်သံဃာများအား မန္တလေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နာယက မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း၊မန္တလေးမြို့တော်ဝန် ဗိုလ်မှူးချုပ် ဖုန်းဇော်ဟန်နှင့် အလှူရှင်များက ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းကြသည်။

အလှူငွေပေးအပ်

ဆက်လက်၍ အလှူငွေပေးအပ်ပွဲကို ကျင်းပရာ (SSအုတ်သူကြီး) ဦးသန်းထွန်းအား ရည်စူး၍ ဒေါ်အေးမိ၊ သား-ကိုဇော်ဇော်ထွန်း၊ ကိုကျော်ကျော်ထွန်း-မဥမ္မာရီ၊ သမီး-ကိုနိုင်ဝင်း-မရွှေဇင်ထွန်း(Y.L.Tမော်တော်ယာဉ်ထုတ်လုပ်ရေး)၊ သား-ကိုအောင်ဇော်ထွန်း-မဝင်းဝင်းဌေး(SSအုတ်လုပ်ငန်း) မိသားစုက မဟာသုန္ဒရာရာမ ပရိယတ္တိစာသင်တိုက် နှစ်ထပ်စာသင်ဆောင်အတွက် အလှူငွေကျပ်သိန်း ၅၀၀ ကို ပေးအပ်လှူဒါန်းရာ တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်က လည်းကောင်း၊ ရန်ကုန်မြို့ သံလွင်လမ်း အမှတ် ၁၃၅၊ A-3နေ ကိုအောင်နိုင်လင်း- မသန်းသန်းကြည်၊ သား-ပိုင်ဝေဦး၊ ဝေယံလင်း မိသားစုက တံခွန်တိုင်ရပ်ကွက် ပြည်ကြီးတံခွန်မြို့နယ် မဟာသုန္ဒရာ ရာမကျောင်းတိုက် (မဟာဂန္ဓာရုံကျောင်းတိုက်ခွဲ၊ ကျောင်းတိုက်) ပစ္စည်းလေးပါးနှင့်ပဒေသာပင်အလှူငွေကျပ်သိန်း ၁၀၀ကို ပေးအပ်လှူဒါန်းရာ ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဦးအောင်သောင်းက လည်းကောင်း လက်ခံယူသည်။

ပန္နက်တင်မင်္ဂလာ

ထို့နောက် အစီအစဉ်အရ မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ် တံခွန်တိုင်ရပ်ကွက် (အမရပူရမြို့၊ မဟာဂန္ဓာရုံကျောင်းတိုက်ခွဲ) မဟာသုန္ဒရာရာမ ပရိယတ္တိစာသင်တိုက် နှစ်ထပ်စာသင်ဆောင် ပန္နက်တင်မင်္ဂလာအခမ်းအနားကိုကျင်းပရာ တိုင်းမှူး၊ ဝန်ကြီး၊ မြို့တော်ဝန်၊ မန္တလေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးနှင့် အလှူရှင်များက သတ်မှတ်နေရာအသီးသီးတွင် နေရာယူကြပြီး မင်္ဂလာအချိန်၌ ပန္နက်တင်ပေးကြသည်။

ကြက်ဆူဆီမီးဖို

ထို့မှတစ်ဆင့် နံနက် ၈နာရီခွဲတွင် ဝန်ကြီးဦးအောင်သောင်းသည် ကျောက်ဆည်စက်မှုဇုန်များနယ်မြေရှိ အပ်ချုပ်စက်ရုံ (ကျောက်ဆည်)သို့ ရောက်ရှိပြီး အမှတ်(၁)စက်မှုဝန်ကြီးဌာန မြန်မာ့အထွေထွေနှင့် ပြုပြင်ထိန်းသိမ်းရေးစက်မှုလုပ်ငန်းမှ ထုတ်လုပ်သော ကြက်ဆူဆီမီးဖိုထုတ်လုပ်ရေး လုပ်ငန်းခွင်သို့ ရောက်ရှိသည်။

ရှေးဦးစွာ စက်ရုံမှူး ဦးသန်းဦးနှင့် မြန်မာ့အထွေထွေနှင့် ပြုပြင်ထိန်းသိမ်းရေး စက်မှုလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအေးမောင်တို့က လုပ်ငန်းစဉ်အဆင့်ဆင့်ကို ရှင်းလင်းပြသရာ ဝန်ကြီးဦးအောင်သောင်းက အသေးစိတ် လိုက်လံကြည့်ရှုစစ်ဆေး ဖြည့်ဆည်းဆောင်ရွက်ပေးသည်။ ထို့နောက် ဝန်ကြီးဦးအောင်သောင်းသည် မြန်မာ့အထွေထွေနှင့် ပြုပြင်ထိန်းသိမ်းရေး စက်မှုလုပ်ငန်းကြွေရည်စိမ်၊ စတီးလ်နှင့် အိမ်သုံးပစ္စည်းစက်ရုံမှ စမ်းသပ်ထုတ်လုပ်ထားသော အပူခံ သုံးထပ်အကြော်အိုးအား ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဝန်ကြီးသည် နံနက် ၉ နာရီခွဲတွင် မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်း၊ ဆေးဝါးလုပ်ငန်း စက်ရုံ(အင်ရောင်း)သို့ ရောက်ရှိစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ထို့မှတစ်ဆင့် ဝန်ကြီးဦးအောင်သောင်းသည် မျက်စဉ်းဆေးရည်ထုတ်လုပ်ခြင်း၊ Type Rotory Washing Machine မျက်စဉ်းဆေးပုလင်းဆေးခြင်း၊ အခြောက်ခံခြင်းနှင့်Eye Drop Filling နှင့်Eye Ointment Tube Filling လုပ်ငန်းအဆင့်ဆင့်ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် Batalactumထိုးဆေး(ပင်နင်စလင်)အုပ်စုမှ ဆေးထုတ်လုပ်ခြင်းအဆင့်ဆင့်ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများက G.M.P စနစ်နှင့်အညီ ထုတ်လုပ်ကြရန် မှာကြားခဲ့သည်။ **(သတင်းစဉ်)**

ဆရာတော် ဦးမဏ္ဍလ(မဟာစည်)အား အမှူးထား၍ တောင်ကိုရီးယားနိုင်ငံရောက် မြန်မာဒါယကာ၊ ဒါယိကာမများက တည်ဆောက်ဆဲ မဟာစည် ဓမ္မဗိမာန်တော်ကြီးအတွက် ငွေကျပ်ငါးသိန်းကို ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ် အတွင်းရေးမှူး ဦးတိုက်စိုးနှင့် တွဲဖက်အတွင်းရေးမှူး ဦးဖုန်းမြင့်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

မိုးကောင်းမြို့နယ်အသင်း(ရန်ကုန်) ဝါဆိုသင်္ကန်း ဆက်ကပ်မည်

ရန်ကုန် ဇူလိုင် ၁၅

မိုးကောင်းမြို့နယ်အသင်း(ရန်ကုန်)၏ နာယကဆရာတော် ကိုးပါးတို့အား တတိယအကြိမ်မြောက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ဇူလိုင် ၂၂ ရက် (တနင်္ဂနွေနေ့)နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်းရှိ ကျောက်စိမ်းတွင်းဓမ္မာရုံ၌ ကျင်းပမည်ဖြစ်သည်။ လှူဒါန်းလိုသူများသည် မိုးကောင်းမြို့နယ်အသင်း(ရန်ကုန်)ဥက္ကဋ္ဌ ဦးမောင်ကြီး ဖုန်း-၂၄၁၇၂၃၊ အတွင်းရေးမှူး ဦးချစ်မောင် ဖုန်း-၅၀၃၁၉၈ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပြီး အသင်းဝင်များ၊ မိုးကောင်းမြို့နယ်သူ မြို့နယ်သားများ ကြွရောက်ကြရန် နှိုးဆော်ထားကြောင်း သိရသည်။ **(သတင်းစဉ်)**

ဆရာတော် ဘဒ္ဒန္တ သုဇာတ ပြည်ပသို့ ဓမ္မဒူတခရီးကြွရောက်တော်မူ

ရန်ကုန် ဇူလိုင် ၁၅

တောင်ငူ မဟာစည်အေးရိပ်သာနှင့် ရန်ကုန် မဟာစည်ပြည့်စုံအေးဆရာတော် ဘဒ္ဒန္တသုဇာတသည် ဇူလိုင် ၇ ရက်က ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် စင်ကာပူ၊ မလေးရှားနှင့် ထိုင်းနိုင်ငံများသို့ ဓမ္မဒူတ တစ်လကြာခရီး ကြွရောက်တော်မူရာ တောင်ငူ မဟာစည်အေးရိပ်သာနှင့် ရန်ကုန် မဟာစည် ပြည့်စုံအေးရိပ်သာတို့မှ တပည့် သံဃာတော်များ၊ ယောဂီများ၊ ဒါယကာ၊ ဒါယိကာမများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ပို့ဆောင်ကြည်ညိုကြသည်။

ဆရာတော်သည် အဆိုပါနိုင်ငံများ၌ ဝိပဿနာ တရားတော်များကို ဟောကြား၍ တရားစခန်းများကို ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

အလုံမြို့နယ် နွယ်သာကီလမ်း အမှတ် ၃၈ နေ ဒေါက်တာ မောင်မောင်သန်း (မေတ္တာမွန်ဆေးခန်း)က ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အမှတ်(၂) အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်း မေတ္တာရိပ်မွန်(ကင်ဆာ)ဖောင်ဒေးရှင်း အတွင်းလူနာ(ကင်ဆာ)ဗဟိုသို့ အလှူငွေကျပ် တစ်သိန်းလှူဒါန်းရာ ဖောင်ဒေးရှင်းဥက္ကဋ္ဌကိုယ်စား အုပ်ချုပ်ရေးမှူးချုပ် ဦးပြုံးနှင့် သူနာပြုချုပ် ဒေါ်မြင့်မေတို့ လက်ခံယူစဉ်။ (က-ပ)

ကျောက်တော်မြို့ ကျေးရွာစာကြည့်တိုက်များအတွက် ရုပ်မြင်သံကြားပြစက်၊ ရေဒီယိုနှင့် စာအုပ် စာစောင်များလှူဒါန်း

ကျေးရွာ စာကြည့်တိုက်များအတွက် စေတနာရှင် ပြည်သူများက လှူဒါန်းသော ၂၁ လက်မ ရောင်စုံ ရုပ်မြင်သံကြားပြစက်နှစ်လုံး၊ ရေဒီယိုအလုံး ၁၂၀တို့အား ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ဇွန် ၁ရက် မွန်းလွဲ ၁နာရီက ကျောက်တော်မြို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ကစ္ဆပနဒီခန်းမ၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးထူးကျော်က အဖွင့်အမှာစကားပြောကြားပြီး ရုပ်မြင်သံကြား ပြစက်များ၊ ရေဒီယိုများနှင့်စာအုပ်စာစောင်များကို မြို့နယ်ဥက္ကဋ္ဌ ဦးမျိုးထူးကျော်၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်အေးအေးနှင့် တာဝန်ရှိသူများက ကျေးရွာစာကြည့်တိုက်များသို့ ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်အတွက် စေတနာရှင်များကလှူဒါန်းသော စာအုပ်စာစောင် ၁၄၇အုပ်နှင့် ငွေကျပ် ၁၀၀၀၀ကို ပေးအပ်လှူဒါန်းရာ မြို့နယ်ဦးစီးမှူးက လက်ခံယူသည်။ (မြို့နယ် ပြန်/ဆက်)

ဟိုပင်မြို့ ဦးထွန်းနေ စာကြည့်တိုက်သို့ သုတ၊ ရသစာအုပ်များလှူဒါန်း

ကချင်ပြည်နယ် ဟိုပင်မြို့နယ် မြေနုကျေးရွာ ဦးထွန်းနေ စာကြည့်တိုက်သို့ သုတ၊ ရသစာအုပ်များ လှူဒါန်းပွဲကို ဇွန် ၁၈ ရက် မွန်းလွဲ ၁ နာရီက အဆိုပါ စာကြည့်တိုက် အဆောက်အအုံ၌ကျင်းပရာ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်စန်းစန်းဝင်းက သုတရသ စာအုပ်များလှူဒါန်းရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး စာအုပ်လှူဒါန်းပွဲကို ဆက်လက်ကျင်းပရာ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းက သုတရသ စာအုပ် ၁၀၀၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့က သုတရသ စာအုပ် ၁၀၀ နှင့် မြို့နယ်ပြည်သူ့ဆေးရုံမှ ကျန်းမာရေးမှူး ဦးမျိုးသန့် လှူဒါန်းသည့် မဂ္ဂဇင်းဂျာနယ် ၅၀တို့ကို လှူဒါန်းရာ ဦးထွန်းနေ စာကြည့်တိုက်မှူး ဦးထွန်းကြိုင်က လက်ခံယူသည်။ **(မြို့နယ် ပြန်/ဆက်)**

အင်းတော်မြို့ သာယာလှပရေး မြေယာရှုခင်းပြုပြင်

စစ်ကိုင်းတိုင်း စည်ပင်သာယာရေးအဖွဲ့ညွှန်ကြားရေးမှူး ဦးခင်မောင်ဆွေသည် ဇူလိုင် ၅ ရက်က အင်းတော်မြို့ သန့်ရှင်းသာယာလှပရေးနှင့် မြေယာရှုခင်း ပြုပြင်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးပြီး မြို့မဈေးသို့သွားရောက်၍ သားငါးတန်း ယင်လုံစေရေး၊ အနံ့အသက် ကောင်းမွန်စေရေးနှင့် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်မှု အထောက်အကူပြုပစ္စည်းများကိုလိုက်လံကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးသန်းနိုင်ဦးနှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဦးမြင့်သန်းတို့က ရှင်းလင်းပြသသည်။ **(မြို့နယ်စည်ပင်)**

မြန်မာ့အလင်း ပြည်တွင်းသတင်း အတိုအထွာ

မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ကျင်းပ

အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အခမ်းအနားကို ဇွန် ၂၆ရက် နံနက် ၁၀နာရီက ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း တေဇခန်းမ၌ကျင်းပရာ မြို့နယ်ပညာရေးမှူး ဒေါ်နန်းမြစိန်၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်ယဉ်မြိုင်တို့က အမှာစကားပြောကြားကြပြီး ခရိုင်ကျန်းမာရေးဦးစီးမှူး၊ မြို့နယ် ဥပဒေအရာရှိနှင့်မြို့နယ်ရဲတပ်ဖွဲ့မှူးတို့က မူးယစ်ဆေးဝါးအန္တရာယ် အကြောင်းသိကောင်းစရာများ ဟောပြောကြသည်။ **(၄၀၈)**

ဂန့်ဂေါ စာပေပန်းခြင်း စာကြည့်တိုက် စာဖတ်ဝိုင်း

ဂန့်ဂေါမြို့နယ် မွေ့လယ်ရွာ စာပေပန်းခင်း စာကြည့်တိုက်တွင် ဇွန် ၂၃ ရက်က စာဖတ်ဝိုင်းကျင်းပရာ မြို့နယ် စာကြည့်တိုက်ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးကျော်စိုးဝင်း တက်ရောက်ပြီး ဂန့်ဂေါခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးသိန်းထွန်းအောင်က စာဖတ်ဝိုင်းကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် စာဖတ်ဝိုင်းကျင်းပရာ ဆရာမ ဒေါ်ခင်မြင့်အေးက ဒို့ကျေးရွာ ဂျာနယ်အတွဲ(၄) အမှတ်(၁၁)မှ စာတည်းမှူး၏ လူတော်၊ လူကောင်း၊ လူမိုက်၊ လူဆိုး လူလေးမျိုးအကြောင်းကို လည်းကောင်း၊ ဆရာ ဦးပြည့်ဝင်းက လူငယ်မဂ္ဂဇင်း အတွဲ(၂) အမှတ်(၆)မှ အသက်ရှင်ရပ်တည်ခြင်းအကြောင်း အယ်ဒီတာစကားတို့ကို လည်းကောင်း ဖတ်ကြားတင်ပြ၍ တက်ရောက်လာကြသူများက ပြန်လည် ဆွေးနွေးကြကြောင်း သိရသည်။ (၂၇၃)

စုပေါင်းဝါဆိုသင်္ကန်း ဆက်ကပ်မည်

ပျဉ်းမနားမြို့ ရွှေချီရပ်ကွက် သီရိမင်္ဂလာဘုံမြင့် ပရိယတ္တိစာသင်တိုက်ကြီး၏ (၁၉)ကြိမ်မြောက် စုပေါင်း ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို (၁၃၆၉ခု ဒုတိယဝါဆိုလပြည့်နေ့) ဇူလိုင် ၂၉ ရက် မွန်းတည့် ၁၂ နာရီတွင် အဆိုပါ ကျောင်းတိုက်၌ ကျင်းပမည်ဖြစ်ရာ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုများ ပါဝင်လှူဒါန်းလိုပါက ဦးစီးပဓာန နာယက ဆရာတော်ထံဖြစ်စေ၊ ဖုန်း-၀၆၇-၂၃၀၃၀ တိုက်အုပ် ဆရာတော်ဦးသာသနထံဖြစ်စေ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

မဟာစည်မြဝတီ သာသနာ့ရိပ်သာ ဝါဆိုသင်္ကန်းကပ်လှူမည်

ရန်ကုန် ဇူလိုင် ၁၅

ရန်ကုန်တိုင်း သင်္ဃန်းကျွန်းမြို့နယ် ကြီးပွားရေးရပ်ကွက် မဟာစည် မြဝတီ သာသနာ့ရိပ်သာ ဝေယျာဝစ္စအမှုဆောင် အဖွဲ့ကကြီးမှူး၍ မြဝတီဆရာတော် အမှူးရှိသော ဆရာတော်၊ သံဃာ တော်များအား (၁၆)ကြိမ်မြောက် ဝါဆို သင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို (ဒုတိယ ဝါဆိုလပြည့်) ဇူလိုင်၂၉ရက် (တနင်္ဂနွေ နေ့) နံနက်၈နာရီတွင် ယင်းသာသနာ့ ရိပ်သာ၌ ကျင်းပမည် ဖြစ်သည်။

လှူဒါန်းနိုင်

အလှူရှင်များသည် သင်္ကန်းဒွိစုံ တစ်စုံလျှင် ငွေကျပ် ၄၀၀၀၊ ခေါက်ထီး တစ်လက်လျှင် ငွေကျပ် ၁၀၀၀၊ ဖိနပ် တစ်ရန်လျှင် ငွေကျပ်၁၀၀၀နှင့် ယပ် တစ်ချောင်းလျှင် ငွေကျပ်၅၀၀တို့ဖြင့် အကျိုးတော်ဆောင်အဖွဲ့ ဖုန်း-၅၇၂၆၆၄ သို့ ဆက်သွယ်စာရင်းပေး လှူဒါန်းနိုင် ကြောင်း သိရသည်။ **(ဝ၅၂)**

မြန်မာအမျိုးသမီးများနေ့ ဂုဏ်ပြု
အထိမ်းအမှတ်ဆိုင်းဘုတ်ဖွင့်ပွဲ တောင်ကြီး၌ ကျင်းပ

နေပြည်တော် ဇူလိုင် ၁၅

မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုအထိမ်းအမှတ် ဆိုင်းဘုတ်ဖွင့်ပွဲကို ဇူလိုင် ၁ ရက် နံနက် ၉နာရီက တောင်ကြီးမြို့ ပြည်နယ်အမျိုးသမီးရေးရာရုံး အဆောက်အအုံရှေ့တွင် ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာန ချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေး၊ ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ နာယကတိုင်းမှူး၏ဇနီး ဒေါ်သင်းမျိုးမျိုး အောင်၊ တိုင်းစစ်ဌာနချုပ်မှ ဦးစီး အရာရှိကြီးများနှင့် ဇနီးများ၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့် ရှောက်ရေးအသင်းဝင်များ၊ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ် ဖွဲ့ဝင်များ၊ တိုင်းရင်းသားယဉ်ကျေးမှု အဖွဲ့အစည်းများနှင့် မြို့ပေါ်ရပ်ကွက်ရှိ ပြည်သူများ တက်ရောက်ကြသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ဈေးဦးစွာ အထိမ်းအမှတ်ဆိုင်း ဘုတ်ကိုတိုင်းမှူး၏ဇနီး ပြည်နယ်အမျိုး သမီးရေးရာအဖွဲ့နာယက ဒေါ်သင်းမျိုးမျိုး အောင်က စက်ခလုတ်နှိပ်၍ ဖွင့်လှစ် ပေးပြီး **(အပေါ်ပုံ)** တိုင်းမှူးနှင့် ဇနီးတို့ သည် တက်ရောက်လာကြသော လူမှု ရေး အသင်းအဖွဲ့ဝင်များနှင့် ပရိသတ် များအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြ ကြောင်း သိရသည်။

(ပြည်နယ် ပြန်/ဆက်)

ဒဂုံမြို့သစ်(မြောက်ပိုင်း) ပြန်/ဆက် ဦးစီးဌာန နယ်လှည့်စာကြည့်တိုက်ဖွင့်ပွဲနှင့် စာဖတ်ဝိုင်းကျင်းပ

ရန်ကုန် ဇူလိုင် ၁၅

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ နယ်လှည့်စာကြည့်တိုက် နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲ၊ ဟော ပြောပွဲနှင့် စာဖတ်ဝိုင်းကို ဇူလိုင် ၁၀ ရက်က အမှတ်(၃၁) ရပ်ကွက် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ရှေ့ခြည်ဦးစာကြည့်တိုက်တွင် ကျင်းပ သည်။ **(အပေါ်ယာပုံ)**

အခမ်းအနားတွင် မြို့နယ် ပြည် ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးစိုးဝင်း၊ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်လှလှဌေးနှင့် ရပ်ကွက်ဥက္ကဋ္ဌ ဦးစောသက်ပိုင်စိုးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ မြို့နယ် ပြန်ကြား ရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်လှလှဌေးက စာကြည့် တိုက် ရှင်သန်ဖွံ့ဖြိုးရေးအကြောင်းကို ဟောပြောပြီး စာဖတ်ဝိုင်းကျင်းပရာ ဇန်နဝါရီ ၁ရက်ထုတ် ဒို့ကျေးရွာ ဂျာနယ်မှ မြန်မာအမျိုးသမီးများနှင့် မျိုးစောင့်တရား အကြောင်းအရာကို မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းဝင် ဒေါ်ခိုင်သီရိက ဖတ်ကြား၍ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ခင်ဌေးက ဆောင်းပါးပါ အကြောင်းအရာတို့ကိုဆွေးနွေးကြသည်။

သုံးသပ်ဆွေးနွေး

ထို့နောက် မြို့နယ်ဦးစီးမှူး ဒေါ်လှ လှဌေးက သုံးသပ်ဆွေးနွေးခဲ့သည်။

(မြို့နယ် ပြန်/ဆက်)

စာမူများပေးပို့ရန် ဖိတ်ခေါ်

ရန်ကုန် ဇူလိုင် ၁၅

အင်းစိန်မြို့နယ် ရွာမပရိယတ္တိ စာသင်တိုက်ကြီး၏ ပဓာနမဟာနာယက နိုင်ငံတော်သြဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တနန္ဒဝံသ သက်တော်ရှည် မဟာထေရ်မြတ်ကြီးအား ဂုဏဝိသိဋ္ဌပူဇော်ပွဲကို ဒီဇင်ဘာ ၃၀ရက်တွင် ကျင်းပ မည်ဖြစ်သည်။

ဆက်သွယ်ပေးပို့နိုင်

ဂုဏဝိသိဋ္ဌပူဇော်ပွဲနှင့် သက်ဆိုင်သော ဂုဏ်ပြုစာစောင်ထုတ်ဝေ မည်ဖြစ်ရာ ဘာသာရေးနှင့် သင့်တင့်လျောက်ပတ်သော ကဗျာ၊ ဒွေးချိုး၊ ရတု၊ ပြဇာတ်၊ ဝတ္ထုနှင့် ဆောင်းပါးစသည်များကို စက်တင်ဘာ ၁၅ရက် နောက်ဆုံးထား၍ စာစောင်ဖြစ်မြောက်ရေးကော်မတီ ရွာမပရိယတ္တိစာသင်တိုက် အင်းစိန်မြို့နယ် ဖုန်း-၀၁-၆၄၀၀၇၅သို့ ဆက်သွယ်ပေးပို့နိုင်ကြောင်း သိရသည်။ **(က-ပ)**

ကနောင်အသင်း(ရန်ကုန်) ဝါဆိုသင်္ကန်းကပ်လှူပွဲကျင်းပမည်

ရန်ကုန် ဇူလိုင် ၁၅

ကနောင်အသင်း (ရန်ကုန်)၏ စတုတ္ထအကြိမ် ဝါဆိုသင်္ကန်း စုပေါင်း ကပ်လှူပွဲကို ဩဂုတ် ၁၂ရက် (တနင်္ဂနွေ နေ့)ဒုတိယဝါဆိုလပြည့်ကျော်၁၄ရက် မွန်းလွဲ၁နာရီတွင်အမှတ်၁၅ နတ်မောက် ရိပ်သာလမ်း ဆုထူးပန် ကျောင်းတိုက် ဆုထူးပန် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ သဒ္ဓာအရှင်ပဏ္ဍိတ(အသင်း၏ဂုဏ်ထူး ဆောင် နာယက)အား အမှူးထား၍ ကျင်းပမည်ဖြစ်သည်။

ဆက်သွယ်လှူဒါန်းနိုင်

သင်္ကန်းဒွိစုံများကို အသင်းဥက္ကဋ္ဌ ဦးတင်ဝင်းဖုန်း-၂၉၂၂၁၃၊ဒုတိယဥက္ကဋ္ဌ ဦးအောင်ထွန်းကြည် ဖုန်း-၂၉၂၀၇၃၊ အတွင်းရေးမှူး ဦးချစ်ထွေး ဖုန်း- ၀၉-၈၀-၃၄၂၈၉၊ တွဲဖက်အတွင်း ရေးမှူး ဒေါ်စိန်သန်း ဖုန်း-၂၉၄၂၅၀၊ တွဲဖက်အတွင်းရေးမှူး ဦးစိုးအောင် ဖုန်း- ၇၀၈၃၆၀၊ ဦးနေဝင်းအောင် ဖုန်း- ၀၉-၅၁-၁၇၆၂၅၊တွဲဖက်အတွင်းရေးမှူး ဦးလေးအောင် ဖုန်း-၅၄၁၅၅၁ တို့သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရ သည်။

(က-ပ)

ရုပ်ရှင်သတင်းထောက်

ဒီကောင်ဘယ်သူတုန်း ဇာတ်ကားသစ် ရုံဝင်လာ
ကျွန်တော့်ချစ်သူပြောသော သူ့ချစ်သူအကြောင်း ဆက်လက်ပြသ

ရန်ကုန် ဇူလိုင် ၁၅

ယခုသောကြာပတ်တွင် ဒါရိုက်တာ ညီညီထွန်းလွင် ရေးသားရိုက်ကူးပြီး နေတိုး၊ အိန္ဒြာကျော်ဇင်၊ မော့စ်တို့ ခေါင်းဆောင်ပါဝင်ထားသော **ဒီကောင် ဘယ်သူတုန်း** ဇာတ်ကားသစ်မှာ သမ္မတ၊ သွင်နှင့် မင်္ဂလာအဆင့်မြင့်ရုံ များတွင် ရုံဝင်လာသည်။ မန္တလေးမြို့ တွင် ဝင်းလိုက်နှင့် မြို့မရုံများ၌ တစ်ပြိုင်တည်း ပြသလျက်ရှိသည်။

ဒီကောင်ဘယ်သူတုန်းတွင် မိထွေး နှိပ်စက်၍ ခြေသလုံးအိမ်တိုင် ဘဝ ရောက်နေသူနေတိုးနှင့် သူ့ရည်းစား မျက်မမြင်ဘဝ ရောက်နေသူ အိန္ဒြာ ကျော်ဇင်တို့အား သူတို့၏ကျေးဇူးရှင် လက်ညှိုးညွှန်ရာရေဖြစ်တဲ့ သူဌေးမော့စ် က ခုပဲစိန်နားကပ်ကြီး ပန်ရတော့မလို၊ ခုပဲ ဖိနပ်စုတ်ကြီး ပြန်စီးရတော့မလို အမျိုးမျိုး လှည့်စားချက်များကို ဟာသ နှောကာ ရိုက်ကူးထားသော အချစ် ဟာသဇာတ်မြူးကား ဖြစ်သည်။ **ကျွန်တော့်ချစ်သူ ပြောသော သူ့ချစ်သူ အကြောင်း** ဇာတ်ကားမှာ ရှေ့ဆောင်၊ ရွှေမန်း၊ စံပြ၊ သီတာရုံများတွင် အောင်ပွဲ ခံဆဲ ဖြစ်သည်။

ဇူလိုင် ၁၃ရက် သောကြာပတ် တွင် မြေနီကုန်းအဆင့်မြင့် ရုပ်ရှင်ရုံ၌ **အမေနှင့် သမီးများ** ရုပ်ရှင်ဇာတ်ကား ပြသလျက်ရှိရာ ဇူလိုင် ၁၅ရက်ပွဲချိန် မတိုင်မီ မိတ်ဆက်ဒြေ့ခံဖျော်ဖြေမှု အဖြစ်တေးသံရှင်စိုင်းရာဇ် အဆိုတော် သစ်က **မာနကြီးသူ ...သို့** တေးစီးရီး မိတ်ဆက်အဖြစ် အဖွဲ့သားများနှင့် သီဆိုဖျော်ဖြေကြသည်။

ဒီကောင်ဘယ်သူတုန်းမှ သရုပ်ဆောင်ကွက်တစ်ကွက်။

နိုင်ငံခြားဇာတ်ကားများ

နေပြည်တော်ရုံတွင်ပင့်ကူလူသား အပိုင်း (၃) Spiderman (3) ဆက် လက်ပြသနေသည်။ ရွှေဂုန်ရုံအပေါ် ထပ်တွင် ရော်ဂျာမိုး ခေါင်းဆောင် ပါဝင်ထားသော Moon Raker အက်ရှင်ကားပြသလျက်ရှိသည်။ မြို့မ တန်းမြင့်ရုံတွင် ကိုယ်ပျောက်အချစ် အက်ရှင်ဇာတ်ကား Githan ရုံဝင်လာ သည်။ မြင့် မေတ္တာရုပ်ရှင်ထုတ်လုပ် ရေးမှ တင်ဆက်ထားသော ဇာတ်ကား သစ်ဖြစ်သည်။

အမေနှင့်သမီးများ ဇာတ်ကားမှ ဇာတ်ဝင်ခန်း။

ဘုရင့်ရုံတွင် သိန်းရုပ်ရှင်မှအထူး တင်ဆက်လိုက်သော အိန္ဒိယအချစ် ဟာသဝိညာဉ်ဇာတ်ကားသစ် Vaah Life Ho Toh Aisi ရုံဝင်လာသည်။ ဆုထူးပန်ရုံတွင် အချစ်ဟာ ကစားစရာ မဟုတ်ပါ အမည်ရ Koi khel Nahim ဇာတ်ကား ပြသလျက်ရှိသည်။ ရွှေဂုန်ရုံ မြေညီထပ်တွင် အိန္ဒိယဇာတ်ကား jaihindh ရုံဝင်လာသည်။

ဒါရိုက်တာ ဝင်းထွန်းထွန်း ရိုက် ကူးပြီး ကျော်ရဲအောင်၊ ကျော်ကျော်ဗို၊ စိုးမြတ်သူဇာ(နှစ်ကိုယ်ခွဲ)နှင့်စိုးမြတ်နန္ဒာ တို့ပါဝင်ထားသော **တော်မဝင်ပါ ...သို့ သော်** အဆင့်မြင့် မြန်မာဗီဒီယိုဇာတ် ကားမှာ နဝဒေးနှင့်မဟာမြိုင်ရုံများ တွင် ဆက်လက်ပြသနေဆဲဖြစ်သည်။ ဒွေး၊ ရဲအောင်၊ စိုးမြတ်သူဇာနှင့် သက် မွန်မြင့် တို့ပါဝင်ထားသော **ဆုတောင်း မှားသူများ** အဆင့်မြင့် မြန်မာဗီဒီယို ဇာတ်ကားမှာ ရွှေဗဟိုရ်၊ ဘုရင့်နောင်၊ ဧရာဝတီနှင့် မြရတနာရုံများတွင် ပြသလျက်ရှိသည်။ ။**(မြန်မာ့အလင်း)**

ကျောဖုံးမှ

ရှင်းလင်းတင်ပြ

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုသည် တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်းနှင့် အဖွဲ့ဝင်များလိုက်ပါလျက် မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် အင်္ဂဘိုကျေးရွာရှိ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း ဆီအုန်း သုတေသနနှင့် မျိုးပွားခြံ (အင်္ဂဘို)သို့ ရောက်ရှိကြရာ ရှင်းလင်းဆောင်၌ ခြံမန်နေဂျာ ဦးကျော်ဌေးက ခြံတည်နေရာနှင့် နောက်ခံသမိုင်း၊ ခြံ၏စုစုပေါင်း ဧရိယာ ၂၂၀၁ဧက၌ ဆီအုန်း ၁၆၇၇ ဧက၊ အခြားသီးနှံများဖြစ်သည့် သီဟိုဠ်နှင့် ဆီသပြေ ၄၈၆ဧက အသုံးချ စိုက်ပျိုးထားရှိမှုအခြေအနေ၊ ၂၀၀၆-၂၀၀၇ ခုနှစ်တွင် ဆီသီးခိုင် ပိဿာ ၁၂၄၅၀၀၀ ထုတ်လုပ်ရန် လျာထားချက်ကို ၁၃၇၅၁၂၁ ပိဿာအထိ တိုးတက်ထုတ်လုပ်မှု အခြေအနေများကိုလည်းကောင်း၊ ဆီကြိတ်စက်ရုံ မန်နေဂျာ ဦးဇော်လင်းဦးက ဆီကြိတ်ထုတ်လုပ်မှု လုပ်ငန်းစဉ်အဆင့်ဆင့် ၂၀၀၆-၂၀၀၇ ခုနှစ်တွင် ဆီကြိတ်ထုတ်လုပ်ရန် ၂၆၄တန် လျာထားခဲ့ပြီး ၂၈၈ဒသမ ၇၉တန်အထိ တိုးတက်ထုတ်လုပ်မှု အခြေအနေနှင့် ၂၀၀၇-၂၀၀၈ခုနှစ်တွင်လည်း ဆီကြိတ်ထုတ်လုပ်မှု တိုးတက်ဆောင်ရွက်နေမှု အစီအစဉ်များကို လည်းကောင်း အသီးသီး ရှင်းလင်းတင်ပြကြပြီး မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း ပြည်နယ်မန်နေဂျာ ဦးဝင်းမြင့်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

စီစဉ်ဆောင်ရွက်

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုက ဆီအုန်းအထွက်နှုန်းကောင်းမွန်ရေးအတွက် လိုအပ်သည်များကို မေးမြန်းဆွေးနွေးပြီး မွန်ပြည်နယ်၏ ဆီဖူလုံရေးအတွက် ဆီအုန်းစိုက်ပျိုးမှုကို တိုးတက်အောင် အမှန်တကယ်ဆောင်ရွက်နိုင်မည့် ခြံဝယ်ရှင်များအား စိုက်ပျိုးနိုင်ရန် အကူအညီများ ပိုမိုပေးရေး၊ အထွက်ကောင်း ဆီအုန်းမျိုးပင်များကို တနင်္သာရီတိုင်းအတွက် ထုတ်လုပ်ပေးနိုင်လျှင် ဆက်သွယ်ဝယ်ယူစိုက်ပျိုးသွားရေး၊ ခြံမှထုတ်လုပ်သော ဆီကြိတ်များကို ဆီချောထုတ်လုပ်၍ ဒေသဆီဖူလုံရေးတွင် အထောက်အကူပြုနိုင်အောင် စီစဉ်ဆောင်ရွက်သွားရေးတို့ကိုမှာကြားသည်။

မွန်ပြည်နယ်အနေဖြင့် ဆီအုန်းကို ၁၆၀၈ဧက စိုက်ပျိုးထားရှိပြီး ၁၂၆၉ဧကမှ ဆီအုန်းခိုင်များ ဆွတ်ခူးရရှိနေပြီဖြစ်ရာ ဆီအုန်းခိုင် ၂၈၉၆ တန် ထွက်ရှိကြောင်း သိရသည်။

ရှင်းလင်းပြသ

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် အင်္ဂဘို သုတေသနနှင့် မျိုးပွားခြံအတွင်း၌ တည်ဆောက်ထားရှိသော တစ်နေ့ ၂၃သမ၅တန်ကျ ဆီကြိတ်စက်ရုံသို့သွားရောက်၍ ဆီသီးခိုင်များမှ ဆီကြိတ်ထုတ်လုပ်နေပုံလုပ်ငန်းစဉ်များကို ကြည့်ရှုစစ်ဆေးရာ စက်ရုံမန်နေဂျာ ဦးဇော်လင်းဦးနှင့် တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုက ဆီကြိတ်များကို အလေအလွင့်မရှိအောင်၊ အထွက်နှုန်း ပိုမိုရရှိအောင်၊ ဒေသဆီဖူလုံမှုကို အထောက်အကူပြုအောင် စနစ်တကျ စီစဉ်ဆောင်ရွက်သွားရန်မှာကြားသည်။ **(သတင်းစဉ်)**

တိပိဋကဓရဆရာတော် စာကြည့်တိုက်ဖွင့်လှစ်

ရန်ကုန် ဇူလိုင် ၁၅

ရန်ကုန်တိုင်း သင်္ဃန်းကျွန်းမြို့နယ် ၁၆/၂ရပ်ကွက် စွန်းလွန်းဂူ ဝိပဿနာကျောင်းတိုက်၏ ပဓာနနာယကဆရာတော် အရှင်သုန္ဒရ (တိပိဋကဓရ၊ တိပိဋကကောဝိဒ)ဦးဆောင်၍ ကျပ်သိန်း၂၀ကျော်အကုန်အကျခံကာ ဆောက်လုပ်လှူဒါန်းခဲ့သော ပညာအလင်းပြစာကြည့်တိုက် ဖွင့်ပွဲအခမ်းအနားကို ဇူလိုင်၁၂ရက်နံနက် ၉နာရီက မကွေးတိုင်း မြိုင်မြို့နယ် ကျောက်တိုင်ရွာ၌ ကျင်းပရာ ဆရာတော် အရှင်သုန္ဒရ မြိုင်မြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တပဏ္ဍဝံသနှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်သန်းတို့က စာကြည့်တိုက်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။ **(ယာပုံ)** **(က-ပ)**

ချမ်းမြေ့မြိုင်ကျောင်း ဝါဆိုသင်္ကန်းဆက်ကပ်မည်

ရန်ကုန် ဇူလိုင် ၁၅

ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ် လေးထောင့်ကန်ရပ် ချမ်းမြေ့မြိုင်ကျောင်း၏ ဒသမအကြိမ်မြောက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ဇူလိုင် ၂၂ရက်တွင် အဆိုပါကျောင်း၌ ကျင်းပမည်ဖြစ်သည်။

အလှူရှင် ဗိုလ်မှူးကြီးတင်ရှိန်-ဒေါ်အေးမွန်ရှိန် မိသားစုက မတည်၍ ချမ်းမြေ့မြိုင်ဝေယျာဝစ္စအဖွဲ့က ကြီးမှူးကာ သံဃာတော်အပါး ၅၀တို့အား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြမည်ဖြစ်ရာ အလှူရှင်များသည် သင်္ကန်းများကို ဆရာတော် သံဃာတော်များထံ နံနက် ၇ နာရီခွဲတွင် ကိုယ်တိုင် လာရောက်လှူဒါန်းကြပါရန်ဖိတ်ကြားထားကြောင်း သိရသည်။ **(သတင်းစဉ်)**

မြန်မာ့မိုး

❁ လနယုန်ဦး
မုတ်သုံမြူး၍
မိုးဦးရောက်ပြီ
ရာသီမေထုန်
ဖူးဝတ်မှုန်နှင့်
ထက်ဘုံဇေဒ္ဒ
တောက်ပချိန်ဝယ်
ငွေစံပယ်ဖြူ
သင်းကြူမြတ်လေး
တောလုံးမွှေးသည်
ရာသီမိုးလနီး၏တည်း။

❁ ဝါဆိုခါထူး
သန္တေဖူးလျက်
တောထွက်စွန့်ခွာ
စကြာဓမ္မ
ဟောသည့်လမြတ်
ကရကဋ်မည်
ရာသီပုစွန်လုံး
ပုန်းညှက်ပွင့်ပြန်
ပဥ္စင်းခံပွဲ
ငြိမ့်ငြိမ့်သဲသည်
နတ်စည်ဆော်သံဖြိုး၏တည်း။

❁ မိုးမင်းဒေဝါ
ဂျိုးကိုမ့်ညာ၍
တိမ်လွှာကိုဖောက်
ကျရောက်မြေလွှာ
စိမ့်စိမ့်ဖြာလျှင်
ကောက်ပင်စပါး
မြသားကမ္ဘလာ
မြန်မာတို့စိုက်ပျိုး
ထွက်တိုးရာကျော်
ကောက်နှံပျော်သည်
မြန်ပြည်စီးပွားတိုး၏တည်း။ ။

ဖိုးရန်နိုင် (ကျောက်ကြီး)

မြန်မာနိုင်ငံစစ်မှုထမ်းဟောင်း စည်းရုံးရေးလုပ်ငန်းအဖွဲ့ လုပ်ငန်းညှိနှိုင်း

ရန်ကုန် ဇူလိုင် ၁၅

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ စည်းရုံးရေးလုပ်ငန်းအဖွဲ့ ၁၄နှင့် ၁၅တို့၏ အဖွဲ့ခေါင်းဆောင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါသည် ဇူလိုင် ၁၂ရက် မွန်းလွဲ ၂နာရီတွင် ဗဟန်းမြို့နယ် ဆရာစံလမ်းနှင့် အနောက်မြင်းပြိုင်ကွင်းလမ်းထောင့်ရှိ ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ရုံးခန်းမ၌ ကျင်းပသော မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ စည်းရုံးရေးလုပ်ငန်းအဖွဲ့၁၄နှင့် ၁၅တို့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

ဆွေးနွေးမှာကြား

ရှေးဦးစွာ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ စည်းရုံးရေးလုပ်ငန်းအဖွဲ့ ၁၄နှင့် ၁၅တို့၏ အဖွဲ့ခေါင်းဆောင် ဒုတိယမြို့တော်ဝန်ဗိုလ်မှူးကြီးမောင်ပါက မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့၏ ရည်ရွယ်ချက်(၃)ရပ်၊ ဆောင်ရွက်လျက်ရှိသောလုပ်ငန်းစဉ်ကြီး (၅)ရပ်နှင့် ရှေ့လုပ်ငန်းစဉ်(၅)ရပ်တို့ကို အကျယ်တဝင့် ဆွေးနွေးမှာကြားသည်။

ထို့နောက် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့စည်းရုံးရေးလုပ်ငန်းအဖွဲ့ ၁၄ နှင့် ၁၅ တို့၏ အဖွဲ့ဝင် ဗိုလ်မှူးကြီး ခင်မောင်စိုး(အငြိမ်းစား)က စည်းရုံးရေးနှင့် စီးပွားရေးလုပ်ငန်းဆိုင်ရာများကိုလည်းကောင်း၊ ရန်ကုန်တိုင်း စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ (စည်ပင်သာယာနယ်မြေအတွင်း)ဥက္ကဋ္ဌ ဗိုလ်မှူးကြီးတင်စိုး(အငြိမ်းစား) နှင့် ရန်ကုန်တိုင်းစစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ (စည်ပင်သာယာနယ်မြေပြင်ပ) အတွင်းရေးမှူး ဗိုလ်ကြီးစိန်ဝှက် (အငြိမ်းစား)တို့က မိမိတို့သက်ဆိုင်ရာ မြို့နယ်စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့များက ဆောင်ရွက်လျက်ရှိသော အမျိုးသားနိုင်ငံရေး၊ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် သက်သာချောင်ချိရေးနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများကိုလည်းကောင်း ဆွေးနွေးတင်ပြကြရာ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ စည်းရုံးရေးလုပ်ငန်းအဖွဲ့ ၁၄ နှင့် ၁၅ တို့၏ အဖွဲ့ခေါင်းဆောင် ဒုတိယမြို့တော်ဝန်က လိုအပ်ချက်များ ဖြည့်စွက်မှာကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**

မိုးကုတ်ဝိပဿနာ အခြေခံသင်တန်း

ရန်ကုန် ဇူလိုင် ၁၅

သာကေတမြို့ အောင်စကြာ မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာကျောင်းတိုက်ကြီး၏ ဦးစီးပဓာန နာယက ဘဒ္ဒန္တဝိလမဗုဒ္ဓိ ဆရာတော်ကြီး၏ သြဝါဒကိုခံယူ၍ ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယ အတိုင်း မိုးကုတ်ဝိပဿနာ ပဋိစ္စသမုပ္ပါဒ် အခြေခံသင်တန်းကို ဆရာဦးသောင်းထိုက်က ဝါဆိုလပြည့်နေ့မှ သီတင်းကျွတ်လပြည့်နေ့အထိ ဥပုသ်နေ့တိုင်း မွန်းလွဲ၁နာရီမှ ညနေ၃နာရီအထိ သာကေတမြို့နယ် ၇/အရှေ့ရပ်ကွက် ရှခင်းသာ မြို့ပတ်လမ်း မျိုးမြန်မာဆေးတိုက်တွင် အခြေခံသင်တန်းများ ပို့ချမည်ဖြစ်ရာ တက်ရောက်လိုသူများ ဖုန်း-၅၄၇၀၉၄သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(က-ပ)**

ဇူလိုင်၁၅ရက်က ကျောင်းနှင့်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနေ့ အထိမ်းအမှတ်အဖြစ် ဒဂုံမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာကြီးနှင့် အသင်းငါးသင်းတာဝန်ခံ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများက သတ်မှတ်နေရာများတွင် ခြံစည်းရိုးကြက်ဆူပင်၊ ကံ့ကော်ပင်၊ အရိပ်ရပင်၊ ပန်းအလှပင်များ စုပေါင်းစိုက်ပျိုးကြစဉ်။ (၂၅၉)

မိဂဒါဝုန်မြန်မာကျောင်းတိုက် နှစ် ၁၀၀ ပြည့်ပွဲတော်

ရန်ကုန် ဇူလိုင် ၁၅

အိန္ဒိယနိုင်ငံ ယူပီပြည်နယ် ဗာရာဏသီမြို့အနီး မြတ်ဗုဒ္ဓ ပဉ္စဝဂ္ဂီငါးဦးတို့အား ဓမ္မစကြာတရားဦး ဟောတော်မူရာနှင့် အနာဂတ် သာသနာတော်ကြီးအတွက် သံဃာရတနာ စတင်ပေါ်ထွက်ခဲ့ပြီး သံဝေဇနိယ အဝိဇဟိတ နှစ်ဌာန အပါအဝင်ဖြစ်သော ဣသိပတန မိဂဒါဝုန်တောကြီးအတွင်း မြန်မာကျောင်းတိုက်ကို ၁၉၀၈ခုနှစ်မှ စတင်၍ မြေနေရာဝယ်ယူပြီး ဘုရားကျောင်းဆောင်၊ သံဃာတော်များဆောင်နှင့် မြန်မာဘုရားဖူးများ တည်းခိုနားနေဆောင်များ ဆောက်လုပ်ခဲ့သည်မှာ ၂၀၀၈ခုနှစ်တွင် အနှစ် ၁၀၀ ပြည့်မြောက်မည်ဖြစ်သည်။

မြန်မာကျောင်းတိုက် တည်ထောင်သည့်နှစ် ၁၀၀ပြည့် အောင်ပွဲအခမ်းအနားကို ၂၀၀၈ခုနှစ် ဖေဖော်ဝါရီလတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ရာ သဒ္ဒါကြည်လင်အလှူရှင်အပေါင်းတို့ အမှတ်၅၅၊ ၁၇လမ်း လသာမြို့နယ် ရန်ကုန်မြို့ ဖုန်း- ၂၂၅၉၁၅၊ ၂၂၅၉၈၉၊ ၂၂၇၇၀၂၊ ၂၂၇၇၀၃နှင့် ဖုန်း-၆၆၅၃၈၃သို့လည်းကောင်း၊ အမှတ် ၁၀၄ ကမ်းနားလမ်းနှင့် ၃၈လမ်းထောင့် ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၅၂၀၀၇နှင့် ၂၅၂၀၀၈တို့သို့ လည်းကောင်း ပါဝင်လှူဒါန်းနိုင်ကြောင်းသိရသည်။ **(က-ပ)**

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ (၃)၊ အမှတ် (၂၇) ဖြန့်ချိ

ရန်ကုန် ဇူလိုင် ၁၅

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ (၃)၊ အမှတ် (၂၇)တွင် **'မပြန်လမ်းခရီး အပြီးထွက်သွားသူ ဒွေး၏ နောက်ဆုံးအမှတ်တရ ပုံရိပ်သတင်းနှင့်ဓာတ်ပုံများ'** အထူးသတင်းကဏ္ဍနှင့်အတူ တရားမဝင် အခွန်မဲ့မှောင်ခိုပစ္စည်း သိန်းတစ်ထောင်ကျော်ဖိုး မူဆယ်တွင် ဖမ်းဆီးရမိ၊ မြန်မာ့ယဉ်ကျေးမှုနှင့် သင့်လျော်မှုမရှိသည့် ဓာတ်ပုံများ ရိုက်ကူးသူနှင့် ရိုက်ကူးခံသူနှစ်ဦးလုံးကို တရားလိုမရှိဘဲ အရေးယူနိုင်၊ ဘယ်အငြိုးရယ်ကြောင့် မိုးသည်းရက်သည် (မိုးသည်းထန်သဖြင့် ရွှေပြည်သာ ရပ်ကွက်အချို့ ရေလွှမ်းမိုးမှုဖြစ်ပွား)၊ ကြွက်သေးကြောင့် အသည်းရောင်ရောဂါ ဖြစ်ပွားနိုင် မိုးရာသီတွင် အထူးသတိထားရန်လို စသည့် ပြည်တွင်းရေးရာ သတင်းများ ဝေဝေဆာဆာဖြင့် ယနေ့ထွက်ရှိနေပြီဖြစ်သည်။

'လူငယ်တွေနဲ့ ဥရောပတက်မွှေဖို့ ကြိုးစားနေတဲ့ ဖာဂူဆန်အိုင်ဒီယာ' အားကစားဆောင်းပါးနှင့်အတူ မျက်နှာအစားထိုး လက်ခံပုဂ္ဂိုလ် ပြန်လည်ရှင်သန်ပြီဟု ခံစားရ၊ ကမ္ဘာ့အံ့ဖွယ် အသစ်ခုနစ်ပါးကို လူသန်း ၁၀၀၏ ဆန္ဒမဲဖြင့်ရွေးချယ်၊ ပုရိသအမျိုးသားတို့သည်လည်း ဣတ္ထိယ အမျိုးသမီးတို့နှင့် တန်းတူ စကားများကြပေသတည်း၊ တရုတ်နိုင်ငံ ကာရာအိုကေညှော်ခန်း ပေါက်ကွဲမှု လူ၂၅ဦး ဖိတ်စဉ် စသည့် နိုင်ငံတကာရေးရာသတင်းများ၊ သုံးသပ်ချက်ဆောင်းပါးများ၊ စီးပွားရေး၊ ကျန်းမာရေး၊ ဖျော်ဖြေရေးနှင့် အားကစားကဏ္ဍ စုံလင်စွာဖြင့် e-Empire Media House က မြန်မာတစ်ပြည်လုံး ဖြန့်ချိလိုက်ပြီဖြစ်သည်။ **(သတင်းစဉ်)**

NLD ပါတီ၏ အကျိုးမဲ့လုပ်ရပ်များကြောင့် ပါတီနှင့် ပါတီခေါင်းဆောင်များအပေါ် ယုံကြည်လေးစားမှုမရှိ လပွတ္တာမြို့နယ်မှ ပါတီဝင် ၄၅ ဦး စုပေါင်းနုတ်ထွက်

ရန်ကုန် ဇူလိုင် ၁၅

ဧရာဝတီတိုင်း လပွတ္တာမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင်များဖြစ်ကြသော ဦးကြည်သန်း၊ ဦးအောင်မျိုးဝင်း၊ ဦးမော့တော့၊ ဦးမြင့်ကြိုင်နှင့် ဦးဝင်းမြင့်တို့ အပါအဝင် ပါတီဝင်၄၅ဦးတို့သည် ဇူလိုင် ၅ရက်တွင် ၎င်းတို့ဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)ပါတီမှ နုတ်ထွက်ကြောင်း နုတ်ထွက်စာရေးသားပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)ဌာနချုပ်နှင့် သက်ဆိုင်ရာ ဒေသအာဏာပိုင်အဖွဲ့အစည်းအသီးသီးတို့သို့ နုတ်ထွက်လွှာများကို ပေးပို့နုတ်ထွက်ခဲ့ကြသည်။

လပွတ္တာမြို့နယ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်အဖွဲ့ခွဲသို့ ပေးပို့သော နုတ်ထွက်လွှာတွင် ၎င်းတို့သည် NLD ပါတီ၏ အကျိုးမဲ့လုပ်ရပ်များကြောင့် ပါတီနှင့် ပါတီခေါင်းဆောင်များ အပေါ် ယုံကြည်လေးစားမှုမရှိတော့ကြောင်း၊ ပါတီဝင်အဖြစ် ဆက်လက်ရပ်တည်လိုစိတ်မရှိသဖြင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)ပါတီမှ နုတ်ထွက်ပါကြောင်းဖြင့် ဖော်ပြထားသည်။ **(သတင်းစဉ်)**

လွယ်မယောင်နှင့်ခက်၊ တိမ်မယောင်နှင့်နက်နေရသော အသွင်ကူးပြောင်

သမ္မတဂျက်ရှီရက်သည် သမ္မတရာထူးဖြင့် နောက်ဆုံးအကြိမ် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူလျက်ရှိသည်။ သမ္မတ အိမ်တော်၏ လှေကားရင်း ကော်ဇောနီပေါ်တွင် မစ္စတာဆာကိုဇီက မတ်တတ်ရပ်လျက် စောင့်ဆိုင်းနေသည်။ ဂုဏ်ပြုအခမ်းအနားပြီးဆုံး သည်နှင့် သမ္မတကြီးသည် မစ္စတာဆာကိုဇီရှိရာသို့ လျှောက်လှမ်း လာပြီး နှစ်ဦးသား ဖက်လဲတကင်းနှင့် ဂုဏ်ပြုနှုတ်ဆက်လိုက်ကြ သည်။ ယင်းအချိန်တွင် မော်တော်ယာဉ်တစ်စီး ရောက်ရှိလာသည်။ ယာဉ်ပေါ်သို့ တက်ရောက်သွားသော မစ္စတာဂျက်ရှီရက်အား မစ္စတာ ဆာကိုဇီကိုယ်တိုင် ယာဉ်တံခါးကိုပိတ်ပေး၍ လက်ပြ နှုတ်ဆက်လိုက် သည်။ မော်တော်ယာဉ် စတင်ထွက်ခွာသည်နှင့် တစ်ပြိုင်နက်တွင် ဂုဏ်ပြုတပ်ဖွဲ့က အနေးလျှောက်တေးသွားကို တီးမှုတ်၍ နှုတ်ဆက်

စိတ်တူသဘောတူ ညှိနှိုင်းဆွေးနွေးကြလျက်ရှိ

အမျိုးသားညီလာခံ၌ စိတ်တူသဘောတူ ညှိနှိုင်းဆွေးနွေးကြ လျက်ရှိသော ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အကြောင်းအရာများသည် ကျွန်တော်တို့ လိုချင်သည့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီ နိုင်ငံတော်သစ်သို့ ရောက်ရှိစေရန်အတွက် မည်ရွေ့မည်မျှအထိ အရေးပါ အရာရောက်လှသည်ကို တွေ့ရှိသဘောပေါက်ကြပါလိမ့်မည်။

ဂုဏ်ပြုလိုက်သည်။ အိမ်တော်ဝင်းအတွင်းရှိ ဝန်ထမ်းအားလုံးက လည်း လက်များ ဝှေ့ယမ်း၍ နှုတ်ဆက်ကြသည်။ အိမ်တော်အပေါက် ဝမှ မော်တော်ယာဉ် ထွက်ခွာလာချိန်တွင် လမ်းတစ်လျှောက် စောင့်ဆိုင်းနေသော လူထုကြီးက သမ္မတဟောင်းကြီးအား လှိုက်လှိုက် လှဲလှဲ လက်များဝှေ့ယမ်း၍ နှုတ်ဆက်နေကြပါသည်။ ဤသည်မှာ ပြင်သစ်နိုင်ငံ၏ ၂၂ယောက်မြောက် သမ္မတအဖြစ် လွှဲပြောင်းအာဏာ ရယူသည့် သမ္မတသစ် မစ္စတာဆာကိုဇီနှင့် သမ္မတဟောင်း မစ္စတာ ဂျက်ရှီရက်တို့၏ အစိုးရအာဏာလွှဲပြောင်းမှု အခမ်းအနားတစ်ရပ် ဖြစ်သည်။

ကျွန်တော် အသက် ငါးဆယ်ရောက်ရှိလာသည့်တိုင် တည်ငြိမ် အေးချမ်း၍ စည်းစနစ်ကျနသော အစိုးရအာဏာလွှဲပြောင်းပွဲမျိုးကို ကျွန်တော်တို့နိုင်ငံတွင် မတွေ့မြင်ခဲ့ဖူးပေ။ ပါလီမန်ဒီမိုကရေစီစနစ် ချုပ်ငြိမ်းခဲ့သည့် ၁၉၆၂ခုနှစ် အစိုးရအာဏာလွှဲပြောင်းရယူမှုသည် နိုင်ငံ၏အခြေအနေအရ တပ်မတော်က နိုင်ငံ့တာဝန်ကို လွှဲပြောင်း ရယူခဲ့ရခြင်းဖြစ်သဖြင့် စည်းစနစ်ကျနသော အာဏာလွှဲပြောင်း မှုမျိုးမဖြစ်ခဲ့။ ယင်းနောက် ၂၆နှစ်ကြာ တစ်ပါတီစနစ်ချုပ်ငြိမ်း၍ တိုင်းပြည်နှင့်အဝန်း မင်းမဲ့၊ ဥပဒေမဲ့လုပ်ရပ်များကြောင့် တပ်မတော်က ပြည်ထောင်စုအရေး ရှေးရှုကာ နိုင်ငံတော်တာဝန်ယူခဲ့ရချိန်တွင်လည်း တည်ငြိမ်အေးချမ်းသော အာဏာလွှဲပြောင်းမှုမျိုး မဟုတ်ခဲ့။ ၁၉၆၂ ခုနှစ် အာဏာလွှဲပြောင်းရယူမှု ဖြစ်စဉ်ကို ကောင်းစွာမသိမြင်ခဲ့သော် လည်း ၁၉၈၈ခုနှစ် တပ်မတော်က နိုင်ငံတော်တာဝန်ကို ဝင်ရောက် ထိန်းသိမ်းရသည်ကိုမူ ကောင်းစွာမှတ်မိသိရှိနေပါသည်။ ယင်းအချိန် က အသက်(၃၀)အရွယ် နိုင်ငံ့ဝန်ထမ်းတစ်ဦးအနေဖြင့် တာဝန် ထမ်းဆောင်နေချိန်လည်း ဖြစ်ပေသည်။ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ် ပါတီ မပြုတ်ကျမီအတွင်း ထိုစဉ်က ပါတီဥက္ကဋ္ဌဖြစ်သူ ဦးနေဝင်း အနေဖြင့် အရေးပေါ်အစည်းအဝေးတွင် တစ်ပါတီစနစ်ကိုပဲ ကြိုက် သလား၊ ပါတီစုံစနစ်ကိုပဲ ကြိုက်သလား လူထုဆန္ဒခံယူပွဲကျင်းပရန် ပြောကြားခဲ့ချိန်ကစ၍ ပါတီစုံစနစ်ဆိုသည့် အသိတရား ကျွန်တော့် အသိသို့ စတင်ဝင်ရောက်လာခဲ့ခြင်း ဖြစ်သည်။ သို့သော်လည်း ထိုလုပ်ငန်း လက်တွေ့ ဆောင်ရွက်ရသည့်အဆင့် အခြေအနေများ ထိအောင် ရောက်မလာခဲ့တော့ချေ။ ထို့ပြင် အရေးပေါ်အခြေအနေတွင် နိုင်ငံတော်သမ္မတအဖြစ် တာဝန်ယူခဲ့သော ဒေါက်တာမောင်မောင်က ပါတီစုံဒီမိုကရေစီစနစ်ကို ပြောင်းလဲကျင့်သုံးပါမည်ဟု ကြေညာ ပေးသည့်တိုင် ဘာကိုမျှ မစောင့်နိုင်၊ မမြင်နိုင်ကြတော့။

နိုင်ငံနှင့်အဝန်း ဆူပူဆန္ဒပြမှုများ ဖြစ်ပေါ်လာခဲ့ပြီး ယင်းတို့ အထဲတွင် အကျယ်လောင်ဆုံးနှင့် အများဆုံးတောင်းဆိုသော အသံမှာ ဒီမိုကရေစီရရှိရေးဟူသော အသံဖြစ်လာပေသည်။ တကယ်တမ်းတွင် တစ်ပါတီဆိုရှယ်လစ်စနစ်နှင့် အုပ်ချုပ်စဉ်က ဒီမိုကရေစီ မရှိသည် မဟုတ်၊ ခေတ်အလိုက်ရေးစပ်ခဲ့သော သီချင်းများတွင်ပင် "ဆိုရှယ်လစ် ဒီမိုကရေစီ တို့နိုင်ငံတော်"ဟူသော စာသားမှာ ပါဝင်ခဲ့ပြီးဖြစ်လေရာ အာဏာရရှိရေး စကားလုံးဗန်းပြ ဟစ်ကြွေးသူ လူတစ်စုအပေါ် ကျွန်တော့်အနေဖြင့် နားမလည်နိုင်အောင် ဖြစ်ခဲ့ရပါတော့သည်။ နောက်ဆုံးတွင် အစိုးရ၏ အာဏာစက်ပျက်ယွင်းကာ သူတစ်လု ငါတစ်မင်းဖြစ်လာသဖြင့် တပ်မတော်က နိုင်ငံတော်တာဝန်အရပ်ရပ်ကို လွှဲပြောင်း ထိန်းသိမ်းရယူလိုက်ရသည်။ အရေးအခင်းကာလ အခြေ အနေမှာ အာဖဂန်နစ္စတန်တွင် ၁၉၇၉ခုနှစ် ရုရှားတပ်များ ဆုတ်ခွာ သွားအပြီး ဒေသအလိုက် လူမျိုးစုသူပုန်ခေါင်းဆောင်များ တစ်ဗိုလ် တစ်မင်း ထကြွကြ၍ နောက်ဆုံး ကဘူလ်မြို့တော်တိုင်အောင် ချီတက်သိမ်းပိုက်ကြပုံနှင့် အလားသဏ္ဌာန် ဆင်တူပါလိမ့်မည်။ ထိုစဉ်က တပ်မတော်၏ နိုင်ငံ့တာဝန်လွှဲပြောင်းရယူမှုသည် ဒီမိုကရေစီ နှင့် စည်းစနစ်မကျဟု ဆိုနိုင်ကြမည်ဖြစ်သော်လည်း နိုင်ငံတော် နှင့် ပြည်ထောင်စု တစ်ခုလုံးအား ကယ်တင်ရန် ယင်းနည်းလမ်းမှ တစ်ပါး အခြားနည်း မရှိတော့သည်ကိုမူ သမိုင်းက သက်သေပြခဲ့ပြီး ဖြစ်ပါသည်။

သို့ဖြင့် တစ်ပါတီစနစ် ချုပ်ငြိမ်းပြီး ပါတီစုံဒီမိုကရေစီစနစ်ဖြင့် ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်အား တည်ဆောက်ရန် ဖြစ်လာ သည်။ သို့သော်လည်း ၁၉၈၈ အချိန်ကာလကို ပြန်လည်သုံးသပ် ကြည့်ပါက အစိုးရယန္တရားတွင် စီမံခန့်ခွဲမှုအဆင့် ရာထူးဌာနန္တရများ ရယူထားသော အသက်(၅၀)အရွယ် ပုဂ္ဂိုလ်များမှာ ပါလီမန်ဒီမိုကရေစီ ခေတ် အုပ်ချုပ်ပုံယန္တရားနှင့် ကောင်းစွာယဉ်ပါးသူများ မဟုတ်ဟု ဆိုနိုင်သည်။ ယင်းပုဂ္ဂိုလ်များသည် ၂၆နှစ်တာ လုပ်ငန်းခွင်အတွင်း ဆိုရှယ်လစ်လမ်းစဉ်နှင့် တစ်ပါတီအုပ်ချုပ်ရေးစနစ်ကိုသာ ရင်းနှီး ကျွမ်းဝင်သူများဖြစ်ကြသည်။ ထိုစဉ်က အသက်(၃၀)အရွယ် ဝန်ထမ်း ငယ်လေးများဖြစ်သော ကျွန်တော်တို့သည်လည်း တစ်ပါတီဆိုရှယ်လစ် စနစ်နှင့် အုပ်ချုပ်မှုယန္တရားကိုသာ ခံယူနားလည်ထားကြသူများ ဖြစ်သည်။ ငယ်စဉ် ကျောင်းသားဘဝကတည်းက နံနက်တိုင်း ရွတ်ဆိုကြရသော အဓိဋ္ဌာန်ပါ "ဆိုရှယ်လစ်လူ့ဘောင်သို့ မရောက် ရောက်အောင် ချီတက်ပါမည်ဟု အလေးအနက် အဓိဋ္ဌာန်ပြုပါ သည်"ဆိုသည့် ရည်မှန်းချက်နှင့် ဝန်ထမ်းငယ်များသည် စနစ်သစ်တွင် ဘာဖြစ်၍ ဘာလုပ်ရမှန်းမသိအောင် ဖြစ်ခဲ့ကြရသည်။ ထို့အတူပင် တစ်ပါတီစနစ်၏ အခြားသော နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် အုပ်ချုပ်ရေး ယန္တရားများအတိုင်း ထိစပ်ဆက်နွယ်လိုက်ပါလှုပ်ရှား လာခဲ့ကြရသော ပြည်သူလူထုတစ်ရပ်လုံးသည်လည်း ယန္တရားအသစ် ဝယ် ကြီးစွာသော အခက်အခဲနှင့် ရင်ဆိုင်ကြုံတွေ့ရန် အကြောင်း ဖန်လာခဲ့ပါသည်။

အမှန်စင်စစ်တွင် နိုင်ငံတစ်ခု၏ စနစ်တစ်ခုမှတစ်ခုသို့ အသွင် ကူးပြောင်းရေးဆိုသည်မှာ လွယ်မယောင်နှင့်ခက်၊ တိမ်မယောင်နှင့်နက် သော အလွန်ကြီးမားရှုပ်ထွေးလှသည့် လုပ်ငန်းစဉ်ကြီးပင်ဖြစ်သည်။ နယ်နိမိတ်၊ လူမျိုး၊ အစိုးရနှင့် အချုပ်အခြာအာဏာတည်းဟူသော နိုင်ငံတစ်နိုင်ငံ သတ်မှတ်ချက်၏ သမိုင်းကြောင်း၊ လူမျိုးစုများအရေး၊ ယဉ်ကျေးမှု ထုံးတမ်းအစဉ်အလာ အစရှိသည်တို့နှင့် အပ်ကျမပ်ကျ ကိုက်ညီသော တည်ငြိမ်သည့် နိုင်ငံအုပ်ချုပ်ရေးစနစ်တစ်ခု ဖြစ်ပေါ် လာဖို့ဆိုသည်မှာ အချိန်ကာလတစ်ခုပေး ဆောင်ရွက်ကြရမည့်လုပ်ငန်း စဉ်ကြီးလည်းဖြစ်သည်။ အသွင်ကူးပြောင်းရေးအတွက် စိတ်တူ ကိုယ်တူနှင့် အသွင်သဘောတူ အားလုံးက စည်းလုံးညီညွတ်ငြိမ်းချမ်း စွာ အဖြေရှာ လျှောက်လှမ်းကြလျှင်ပင် အချိန်ကာလတစ်ခုတော့ ယူကြရဦးမည်ဖြစ်သည်။ သို့မဟုတ်ဘဲ သူတစ်လူငါတစ်မင်း၊ သူများ သည် ကိုယ်မှန်သည် ဖရိုဖရဲ တကွဲစီ လျှောက်လှမ်းကြမည်ဆိုပါက ကြန့်ကြာနိုင်မည့်အချိန်ကာလမှာ မှန်းဆ၍ မရနိုင်လောက်သည်ကို သဘောပေါက်ကြပြီး ဖြစ်ပါလိမ့်မည်။ ယင်းသို့ သော အခြေအနေတွင် နိုင်ငံတော်အား ပြည်သူလူထုတစ်ရပ်လုံး အလိုရှိနေသော ပါတီစုံ

ဦးဆွေ(ဗဟာ

ဒီမိုကရေစီ အုပ်ချုပ်ရေးယန္တရားစနစ်သို့ အေ
စွာ ကူးပြောင်းနိုင်ရန် မြို့ပြအုပ်ချုပ်ရေးဆို
ဖြင့်လည်း ၎င်းတို့၏ လုပ်ထုံးလုပ်နည်း
တစ်ပါတီ အုပ်ချုပ်ရေး ယန္တရားစနစ်မှ ပါဝ
စနစ်နှင့် အံဝင်ကိုက်ညီလာရန်၊ ကျန်ဌာနဆ
၏ ဥပဒေလုပ်ထုံးလုပ်နည်းများသည်လည်း
အုပ်ချုပ်ပုံယန္တရားနှင့်ကိုက်ညီလာစေရန် အစ
ပြောင်းလဲမှုများ ဆောင်ရွက်ပေးရန် လိုအ

ထို့ကြောင့် တပ်မတော်အစိုးရသည်
ကူးပြောင်းရေးကာလအဖြစ် ပြည်ထောင်စုတ
စီးပွားရေး၊ လူမှုရေးဦးတည်ချက်(၁၂)ရပ်အာ
တိုးတက်သော ဒီမိုကရေစီနိုင်ငံသစ်သို့ စ
ဆယ်စုနှစ်ဝက် တစ်ခုအတွင်း လမ်း၊ တ
ကျောင်းများ နယ်စပ်ဒေသပါမကျန် ဖွံ့ဖြိုးတို
၏ တစ်နှစ်ထုတ်ကုန်တန်ဖိုး၊ တစ်ဦးချင်း
လည်း အဆများစွာ မြင့်တက်လာခဲ့သည်။
နှင့် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုများလည်း
တိုးတက်လာသည်။ တစ်ပြိုင်နက်တည်းတွ
ခန္ဓာဟု ခေါ်ဆိုအပ်သော ဖွဲ့စည်းပုံအခြေခံ
သစ်နှင့်အညီ ပြန်လည်ပြင်ဆင်ဖွဲ့စည်း ရေး
လူထုတစ်ရပ်လုံး၏ ကိုယ်စားပြု အမျိုးသား
ခုနှစ်မှ စတင်၍ ခေါ်ယူကျင်းပပေးခဲ့သည်။
အပါအဝင် ပြည်သူလူထု တစ်ရပ်လုံးအ
လျက်ရှိသော ပါတီစုံဒီမိုကရေစီစနစ်နှင့်ဖွံ့ဖြိုး
သစ်ဆီသို့ မကြာမီရောက်ရှိတော့မည်ဟူသေ
ကြည်နူးဝမ်းသာခဲ့ကြပါသည်။ သို့သော်
ဝမ်းသာကြည်နူးမှုများမှာ ခေတ္တခဏမျှသာ
ညီလာခံ၏ အခန်းကဏ္ဍ အကြောင်းအရ
NLD ပါတီက အကြောင်းပြကန့်ကွက်ပြီ
သွားခဲ့သည်။ သို့ဖြင့် ဖွံ့ဖြိုးတိုးတက်သော ဒ
ဖြစ်ပေါ်လာရန် အသက်တမျှ အရေးကြီးလှ
ဥပဒေ၏ အခြေခံများကိုဖော်ဆောင်ပေးမည်
သည် ၁၉၉၆ခုနှစ်တွင် ယာယီရပ်နားခဲ့ရ

NLD ပါတီသည် အမျိုးသားညီလာခံ
ရှုံဖြင့် မကျေနပ်သေးပေ။ နိုင်ငံတကာသို့

တပ်မတော်အစိုးရကမူ ပြည်သူလူထုအား ပေးအပ်ထားသည့် ကတိအတိုင်း ဖွံ့ဖြိုးတိုး
ဒီမိုကရေစီနိုင်ငံတော်သစ် ဖြစ်ပေါ်လာရန်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေ အမြန်ဆုံး ပေါ်ပေါက်
ရေးရှု၍ ၂၀၀၃ခုနှစ်တွင် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒ လမ်းစဉ်(၇)ရပ်ချမှတ်ကာ ပ
ဖြစ်သော အမျိုးသားညီလာခံကြီးအား ပြန်လည်ကျင်းပခဲ့သည်။ ၂၀၀၄ ခုနှစ်မှ ၂၀၀၆ ခုနှစ်အ
မပြတ်ကျင်းပ၍ ဆွေးနွေးညှိနှိုင်းခဲ့ကြရာ ယခု ၂၀၀၇ခုနှစ် ရောက်ရှိလာချိန်တွင် နိုင်ငံအသွင်
ရေးအတွက် အသက်တမျှ အရေးပါလှသော ဖွဲ့စည်းပုံအခြေခံဥပဒေအတွက် ကျန်ရှိသော အ
အခြေခံမူများချမှတ်နိုင်ရန် နောက်ဆုံးအကြိမ် အမျိုးသားညီလာခံကို ကျင်းပတော့မည်။

အသွင်ကူးပြောင်းရေး

ဦးဆွေ(ဗဟန်း)

ဒီမိုကရေစီ အုပ်ချုပ်ရေးယန္တရားစနစ်သို့ အေးချမ်းသာယာငြိမ့်ညောင်းစွာ ကူးပြောင်းနိုင်ရန် မြို့ပြအုပ်ချုပ်ရေးဆိုင်ရာ ဝန်ထမ်းများအနေဖြင့်လည်း ၎င်းတို့၏ လုပ်ထုံးလုပ်နည်းနှင့် နည်းစနစ်များအား တစ်ပါတီ အုပ်ချုပ်ရေး ယန္တရားစနစ်မှ ပါတီစုံအုပ်ချုပ်ရေး ယန္တရားစနစ်နှင့် အံဝင်ကိုက်ညီလာရန်၊ ကျန်ဌာနဆိုင်ရာ ဝန်ထမ်းအသီးသီး၏ ဥပဒေလုပ်ထုံးလုပ်နည်းများသည်လည်း ပါတီစုံဒီမိုကရေစီစနစ်အုပ်ချုပ်ပုံယန္တရားနှင့်ကိုက်ညီလာစေရန် အစရှိသည်တို့အတွက် ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ပေးရန် လိုအပ်လာပါသည်။

ထို့ကြောင့် တပ်မတော်အစိုးရသည် ၁၉၈၉ခုနှစ်မှစ၍ အသွင်ကူးပြောင်းရေးကာလအဖြစ် ပြည်ထောင်စုတစ်ခုလုံးအတွက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဦးတည်ချက်(၁၂)ရပ်အား ချမှတ်ကာ ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံသစ်သို့ စတင်လျှောက်လှမ်းစေခဲ့ရာ ဆယ်စုနှစ်ဝက် တစ်ခုအတွင်း လမ်း၊ တံတား၊ ဆည်၊ ဆေးရုံ၊ ကျောင်းများ နယ်စပ်ဒေသပါမကျန် ဖွံ့ဖြိုးတိုးတက်လာပြီး တိုင်းပြည်၏ တစ်နှစ်ထုတ်ကုန်တန်ဖိုး၊ တစ်ဦးချင်းဝင်ငွေတန်ဖိုး စသည်တို့လည်း အဆများစွာ မြင့်တက်လာခဲ့သည်။ ဈေးကွက်စီးပွားရေးစနစ်နှင့် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုများလည်း တစ်မဟုတ်ချင်း များပြားတိုးတက်လာသည်။ တစ်ပြိုင်နက်တည်းတွင် **နိုင်ငံတော်၏အသက်ခန္ဓာဟု ခေါ်ဆိုအပ်သော ဖွဲ့စည်းပုံအခြေခံဥပဒေကို နိုင်ငံရေးစနစ်သစ်နှင့်အညီ ပြန်လည်ပြင်ဆင်ဖွဲ့စည်း ရေးဆွဲနိုင်ရန်အတွက် ပြည်သူလူထုတစ်ရပ်လုံး၏ ကိုယ်စားပြု အမျိုးသားညီလာခံကြီးအား ၁၉၉၃ ခုနှစ်မှ စတင်၍ ခေါ်ယူကျင်းပပေးခဲ့သည်။ ထိုစဉ်က ကျွန်တော်တို့အပါအဝင် ပြည်သူလူထု တစ်ရပ်လုံးအနေဖြင့် လိုလားတောင့်တလျက်ရှိသော ပါတီစုံဒီမိုကရေစီစနစ်နှင့်ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ဆီသို့ မကြာမီရောက်ရှိတော့မည်ဟူသော မျှော်လင့်ချက်များနှင့် ကြည်နူးဝမ်းသာခဲ့ကြပါသည်။ သို့သော်လည်း မျှော်လင့်ချက်နှင့် ဝမ်းသာကြည်နူးမှုများမှာ ခေတ္တခဏမျှသာ ဖြစ်ခဲ့သည်။ အမျိုးသားညီလာခံ၏ အခန်းကဏ္ဍ အကြောင်းအရာအချို့နှင့် ပတ်သက်၍ NLD ပါတီက အကြောင်းပြကန့်ကွက်ပြီး ညီလာခံကို ကျောခိုင်းသွားခဲ့သည်။ သို့ဖြင့် ဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ်ဖြစ်ပေါ်လာရန် အသက်တမျှ အရေးကြီးလှသော ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အခြေခံများကိုဖော်ဆောင်ပေးမည့် အမျိုးသားညီလာခံကြီးသည် ၁၉၉၆ခုနှစ်တွင် ယာယီရပ်နားခဲ့ရလေတော့သည်။**

NLD ပါတီသည် အမျိုးသားညီလာခံကို ဆန့်ကျင်ကန့်ကွက်ရုံဖြင့် မကျေနပ်သေးပေ။ နိုင်ငံတကာသို့လည်း ရင်းနှီးမြှုပ်နှံမှုများ မလာရောက်ရေး ကန့်ကွက် ပိတ်ပင်ခဲ့သည်။ **အမေကျော် ဒွေးတော်လွမ်းသော စိတ်ဓာတ်ဖြင့် ပြည်ပအားကိုးရှာကာ မကြံစည်အပ်၊ မကြံစည်ထိုက်သည်များကို အစဉ်မပြတ် ဆောင်ရွက်ခဲ့သည်။ ထိုစဉ်အချိန်ကာလသည် အာရှတွင် ငွေကြေးအကျပ်အတည်း ဆိုက်ရောက်ချိန်ကာလနှင့်လည်း တိုက်ဆိုင်ခဲ့သဖြင့် နိုင်ငံနှင့်ပြည်သူလူထုမှာ အခက်အခဲများ ကြုံတွေ့ပြီး သောကပွေခဲ့ကြရသည်။ ပါတီစုံဒီမိုကရေစီကို ဖော်ဆောင်ပေးနေပါသော တပ်မတော်အစိုးရ အကျပ်ရိုက်စေရေး၊ အမြန်ဆုံး ပြုတ်ကျစေရေး၊ ပြည်တွင်းပြည်ပ၊ မြေပေါ်မြေအောက် နည်းမျိုးစုံသုံး၍ အနှ အကြမ်း ရမ်းကားဆောင်ရွက်ပြီး နိုင်ငံတော်အာဏာကို ဖြတ်လမ်းနည်းဖြင့် အမြန်ရယူနိုင်ရေးအတွက် ကြိုးပမ်းလှုပ်ရှားခဲ့ကြသည်။ ၎င်းတို့၏ ဆောင်ရွက်ချက်များကြောင့် အတိဒုက္ခရောက်ခဲ့ရသူများမှာ တပ်မတော်အစိုးရမဟုတ်ဘဲ ပြည်သူလူထုသာဖြစ်သည်ဆိုသည်ကို သိလျက်နှင့် မိုက်တွင်းဆက်နက်ခဲ့သည်။**

နိုင်ငံတော်၏ အုပ်ချုပ်ပုံယန္တရားစနစ် အသွင်ကူးပြောင်းရန် ပထမအဆင့်အနေဖြင့် ဆောင်ရွက်နေသော အမျိုးသားညီလာခံကြီးအား ကျောခိုင်းရုံသာမက ဆန့်ကျင်ကန့်ကွက်နေခြင်းသည် ညီလာခံတွင် စည်းလုံးညီညွတ်စွာ တက်ရောက်နေကြသော အများစု၏သဘောထားအား မျက်ကွယ်ပြုလျက် ၎င်းတို့လူတစ်စုသာ အာဏာအမြန်ရရှိရေး လုပ်ဆောင်နေပုံကို ကွက်ကွက်ကွင်းကွင်း မြင်တွေ့ခဲ့ကြရသည်။ **တပ်မတော်အစိုးရကမူ ပြည်သူလူထုအား ပေးအပ်ထားသည့် ကတိအတိုင်း ဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ် ဖြစ်ပေါ်လာရန်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေ အမြန်ဆုံး ပေါ်ပေါက်လာရေးကိုရှေးရှု၍ ၂၀၀၃ခုနှစ်တွင် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ချမှတ်ကာ ပထမအဆင့်ဖြစ်သော အမျိုးသားညီလာခံကြီးအား ပြန်လည်ကျင်းပခဲ့သည်။ ၂၀၀၄ ခုနှစ်မှ ၂၀၀၆ ခုနှစ်အထိ စဉ်ဆက်မပြတ်ကျင်းပ၍ ဆွေးနွေးညှိနှိုင်းခဲ့ကြရာ ယခု ၂၀၀၇ခုနှစ်ရောက်ရှိလာချိန်တွင် နိုင်ငံအသွင်ကူးပြောင်းရေးအတွက် အသက်တမျှ အရေးပါလှသော ဖွဲ့စည်းပုံအခြေခံဥပဒေအတွက် ကျန်ရှိသော အသေးစိတ်အခြေခံမူများချမှတ်နိုင်ရန် နောက်ဆုံးအကြိမ် အမျိုးသားညီလာခံကို ကျင်းပတော့မည်ဖြစ်ပါသည်။**

အမျိုးသားညီလာခံကြီးအား နောက်ဆုံးအကြိမ်အဖြစ် ကျင်းပတော့မည်ဟုဆိုသဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်တွင် မည်သည့်အကြောင်းအရာများအား ညှိနှိုင်းသဘောတူထားကြသည်ကို သိရှိစေလိုပါသည်။ ယင်းနှင့်ပတ်သက်၍ ဆောင်းပါးရှင် စိုးမြကျော် ရေးသားသော "အနာဂတ် နိုင်ငံတော်တည်ဆောက်မှု ပုံသဏ္ဌာန်၊ ဥပဒေပြုမှုအသွင်သဏ္ဌာန်နှင့်အနှစ်သာရ"စာအုပ်တွင် ပြည့်စုံစွာ ဖော်ပြခဲ့ပြီးဖြစ်ပါသည်။ **အနာဂတ်နိုင်ငံတော် တည်ဆောက်မှုပုံသဏ္ဌာန်ကို ပြည်နယ်ခုနစ်ခု၊ တိုင်းဒေသကြီးခုနစ်ခု၊ ပြည်ထောင်စုနယ်မြေနှစ်ခု၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းတစ်ခုနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသငါးခုဟူ၍ ဖွဲ့စည်းသွားမည်။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများအတွက် သတ်မှတ်ချက်စံနှုန်းများဖြင့် ဖွဲ့စည်းပေးခြင်း ဖြစ်သည်။ အနာဂတ်နိုင်ငံတော် ဥပဒေပြုမှုအပိုင်းတွင် ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်နယ်လွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့ စသဖြင့် ဥပဒေပြုရေးအာဏာကို အဆင့်ဆင့် ခွဲဝေပေးထားသည်။** ပြည်သူ့လွှတ်တော်တွင် လူဦးရေအပေါ် အခြေခံရွေးချယ်ထားသော လွှတ်တော်ကိုယ်စားလှယ်ဦးရေ ၃၃၀နှင့် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဦးရေ၁၁၀ ပါဝင်မည်။ ထို့အတူ အမျိုးသားလွှတ်တော်အား ပြည်နယ်နှင့်တိုင်းဒေသကြီးတစ်ခုလျှင် ၁၂ဦးစီဖြင့် တူညီစွာ ရွေးချယ်ထားသော လွှတ်တော်ကိုယ်စားလှယ် ၁၆၈ဦး ရှိမည်ဖြစ်ပြီး ယင်းတွင် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ၅၆ဦး ပါဝင်မည်ဖြစ်သည်။ ထို့အတူ **ပြည်နယ်နှင့် တိုင်းဒေသကြီးလွှတ်တော်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း၊ ဒေသဦးစီးအဖွဲ့များကိုလည်း ဖွဲ့စည်းမှု သတ်မှတ်ချက်များ အသေးစိတ် ချမှတ်ပြီးဖြစ်သည်။ ထို့အပြင် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးကဏ္ဍ၊ အနာဂတ်နိုင်ငံတော်၏ အချုပ်အခြာအာဏာကျင့်သုံးရန်အခြေခံမူများ၊ နိုင်ငံတော်တည်ဆောက်ရေးကို အထောက်အကူပြုစေမည့် စီးပွားရေးစနစ်၊ နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ခိုင်မာသည့် ဘဏ္ဍာရေးစနစ်ပေါ်ပေါက်ရေး အစရှိသည်တို့ကို ပြုစုညှိနှိုင်းခဲ့ကြပြီးဖြစ်သည်။ သို့ဆိုလျှင် အမျိုးသားညီလာခံ၌ စိတ်တူသဘောတူ ညှိနှိုင်းဆွေးနွေးကြလျက်ရှိသော ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အကြောင်းအရာများသည် ကျွန်တော်တို့လိုချင်သည့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ်သို့ ရောက်ရှိစေရန်အတွက် မည်ရွေ့မည်မျှအထိ အရေးပါအရာရောက်လှသည်ကို တွေ့ရှိသဘောပေါက်ကြပါလိမ့်မည်။**

...ည့် ကတိအတိုင်း ဖွံ့ဖြိုးတိုးတက်သော ...ဥပဒေ အမြန်ဆုံး ပေါ်ပေါက်လာရေးကို ...မ်းစဉ်(၇)ရပ်ချမှတ်ကာ ပထမအဆင့် ...၀၄ ခုနှစ်မှ ၂၀၀၆ ခုနှစ်အထိ စဉ်ဆက် ...က်ရှိလာချိန်တွင် နိုင်ငံအသွင်ကူးပြောင်း ...ဒေအတွက် ကျန်ရှိသော အသေးစိတ် ...ကို ကျင်းပတော့မည်။

သို့သော်လည်း ယခုအချိန်တိုင်အောင်ပင်လျှင် NLD ပါတီအနေဖြင့် အမျိုးသားညီလာခံ၌ ဖွဲ့စည်းပုံ အခြေခံဥပဒေအတွက် ညှိနှိုင်းဆွေးနွေး၍ အခြေခံမူ၊ အသေးစိတ် အခြေခံမူများ ချမှတ်နေခြင်းကို ပြင်းထန်စွာ ဆန့်ကျင်ကန့်ကွက်လျက် ရှိဆဲဖြစ်သည်။ ထို့အပြင် ၈၈ မျိုးဆက်ကျောင်းသားများအမည်ခံ အုပ်စုကလည်း အမျိုးမျိုးအဖုံဖုံ အနှောင့်အယှက်ပြုနေကြဆဲဖြစ်သည်။ တပ်မတော်အစိုးရအနေဖြင့် ပြည်သူလူထုတစ်ရပ်လုံးက လိုလား တောင့်တလျက်

အသွင်ကူးပြောင်းရေးအတွက် စိတ်တူကိုယ်တူနှင့် အသွင်သဘောတူ အားလုံးက စည်းလုံးညီညွတ်ငြိမ်းချမ်းစွာ အဖြေရှာ လျှောက်လှမ်းကြလျှင်ပင် အချိန်ကာလတစ်ခုတော့ ယူကြရဦးမည်ဖြစ်သည်။ သို့မဟုတ်ဘဲ သူတစ်လူ ငါတစ်မင်း၊ သူများသည် ကိုယ်မှန်သည် ဖရိုဖရဲ တကွဲစီ လျှောက်လှမ်းကြမည်ဆိုပါက ကြန့်ကြာနိုင်မည့် အချိန်ကာလမှာ မှန်းဆ၍ မရနိုင်လောက်သည်ကို သဘောပေါက်ကြပြီး ဖြစ်ပါလိမ့်မည်။

ရှိသော ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရန်အတွက် အဆင့်ဆင့် အကောင်အထည်ဖော်လျက်ရှိသည်ကို တွေ့မြင်နေရပါလျက် အဘယ်ကြောင့် ယင်းပါတီနှင့်အဖွဲ့အစည်းများက ဆန့်ကျင်ကန့်ကွက်နေကြသည်ကို အချိန်ကာလကြာလာသည်နှင့်အမျှ ကျွန်တော်တို့ လုံးဝနားမလည်နိုင်အောင် ဖြစ်လာရသည်။

ဒီမိုကရေစီကို လိုလားတောင့်တနေသော ပြည်သူလူထုဆိုသည့် အထဲတွင် NLD ပါတီလည်း အပါအဝင်ဖြစ်ပြီး အသွင်ကူးပြောင်းရေးကာလ အမြန်ဆန်ဆုံး ပြီးဆုံးသွားစေရန် အားလုံးနှင့် ထပ်တူထပ်မျှ တစ်သဘောတည်း ရှိသင့်သည်။ မင်းသားကြီးမလုပ်ရ၍ ပတ်မကြီးအား ထိုးဖောက်သကဲ့သို့ မိမိအာဏာမရ၍ တပ်မတော်အစိုးရ၏ ဒီမိုကရေစီဖော်ဆောင်ရေးလုပ်ငန်းစဉ် အဆင့်ဆင့်အား ဖျက်လိုဖျက်ဆီး ဆောင်ရွက်ခြင်းသည် ရေရှည်တွင် နိုင်ငံတော်နှင့်ပြည်သူလူထု တစ်ရပ်လုံးကိုသာ တစ်စထက်တစ်စ အကျိုးယုတ်စေမည်ကို သဘောပေါက်သင့်ပြီဖြစ်သည်။ ယင်းနှင့်ပတ်သက်၍ ၂၀၀၃ ခုနှစ် မတ်လတွင် အမေရိကန်တို့ အီရတ်နိုင်ငံအား ကျူးကျော်သိမ်းပိုက်ပြီး နှစ်လအကြာ၌ နိုင်ငံရေးဆိုင်ရာ ခွဲခြမ်းစိတ်ဖြာသူ သုတေသီတချို့က ထွက်ပေါက်မဟာဗျူဟာ(Exit Strategy)ဆိုသည်အား ထောက်ပြသည်ကို ကျွန်တော် အမှတ်ရမိသည်။

အီရတ်တွင် အမေရိကန်တပ်ဖွဲ့များ ထပ်မံစေလွှတ်ခြင်း၊ အီရတ် တပ်မတော်အား ဖျက်သိမ်း၍ ဩဇာခံရုပ်သေးအစိုးရ ထူထောင်ပေးခြင်းတို့ထက် ဘော့စနီးယား ပဋိပက္ခတုန်းကကဲ့သို့ နိုင်ငံတကာ ညွန့်ပေါင်းတပ်ဖွဲ့များ အစားထိုးဝင်ရောက် ထိန်းသိမ်းစေခြင်း၊ ဒေသန္တရအဆင့် အုပ်ချုပ်မှုကောင်စီများထူထောင်၍ အီရတ်နိုင်ငံသားများအား အုပ်ချုပ်စေခြင်း၊ အီရတ်တပ်မတော် ဖွဲ့စည်းထားရှိစေခြင်း၊ ကုလသမဂ္ဂအား ကြီးမားသောအခန်းကဏ္ဍမှ ပါဝင်လာရန် ဆွဲဆောင်ခြင်း အစရှိသည်တို့ကို ဦးစားပေးပြုလုပ်၍ အမေရိကန်နှင့်ဗြိတိန်တပ်များအား ဆွဲထုတ်ရန် တစ်ခုတည်းသော ထွက်ပေါက်မဟာဗျူဟာအဖြစ် သုံးသပ်အကြံပြုခဲ့ကြသည်။ သို့သော်လည်း အမေရိကန်သမ္မတဘုရှ်အစိုးရက ခေါင်းမာစွာဖြင့် တပ်စွဲဆောင်ရွက်မှု မဟာဗျူဟာကိုသာ ဆက်လက်ပြုလုပ်ခဲ့ရာ အမေရိကန်စစ်သား ထောင်ပေါင်းများစွာ၏ အသက်များအား ယနေ့တိုင် ပေးဆပ်နေရဆဲဖြစ်သည့်အပြင် အီရတ်ပြည်သူလူထု တစ်ရပ်လုံးမှာလည်း မြေစာပင်ဘဝဖြင့် ကျီးလန့်စာစား နေထိုင်သွားလာနေကြရဆဲဖြစ်သည်ကို သာဓကတစ်ခုအဖြစ် တွေးတောဆက်စပ်မိသည်။

ယနေ့မြန်မာနိုင်ငံသည် ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ်ဆီသို့ အမှန်တကယ် ရောက်ရှိလိုပါက တစ်ခုတည်းသော ထွက်ပေါက်မဟာဗျူဟာမှာ တပ်မတော်အစိုးရက သတ်မှတ်ဖော်ဆောင်ပေးလျက်ရှိသော လမ်းပြမြေပုံ (၇)ဆင့်သာဖြစ်သည်။ ယခုပထမအဆင့်၏ နောက်ဆုံးအခြေအနေသို့ရောက်ရှိနေပြီဖြစ်ပြီး ကျန်အဆင့်များ တစ်ဆင့်ပြီးတစ်ဆင့် လျင်မြန်စွာ ပြီးမြောက်စေရေးအတွက် ပြည်သူလူထုတစ်ရပ်လုံး စိတ်တူကိုယ်တူ တစ်သဘောတည်းဆောင်ရွက်ကြခြင်းသည်သာ အကောင်းဆုံးသော နည်းလမ်းဖြစ်မည်ဆိုသည်ကို ကျွန်တော်တို့အားလုံး နားလည်ယုံကြည်မှု ထားသင့်ကြပါပြီ။

ဆောင်းပါးအစတွင် ဖော်ပြခဲ့သော ပြင်သစ်နိုင်ငံ၏ ဒီမိုကရေစီနည်းကျ အစိုးရရွေးချယ်တင်မြှောက်မှုပုံစံနှင့် အေးချမ်းတည်ငြိမ်၍ စည်းစနစ်ကျနသော အာဏာလွှဲပြောင်းပေးအပ်မှုမျိုး ကျွန်တော်တို့နိုင်ငံ၌လည်း ဖြစ်ပေါ်လာမည်သာဖြစ်ပါသည်။ ယင်းသို့ ပြည်သူလူထုက စိတ်တိုင်းကျ ရွေးကောက်တင်မြှောက်သော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များနှင့် စည်းစနစ်ကျနသည့် ဖွဲ့စည်းပုံအခြေခံဥပဒေရှိသော နိုင်ငံတော်သစ် ပုံစံမျိုးကို အမြန်ဆုံး လိုလားတောင့်တမိသည်။

ကျွန်တော်အပါအဝင် ပြည်သူလူထုတစ်ရပ်လုံး၏ အစ္ဈတ္တစိတ် အတွင်းသန္တာန်တွင်လည်း ထိုသို့ပင်ရှိမည်ဟု ယုံကြည်ပါသည်။ ယုံကြည်သည့် အတိုင်းလည်း တပ်မတော်အစိုးရက ဖော်ဆောင်ပေးလျက်ရှိသော နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်ကို တစ်ဆင့်ပြီးတစ်ဆင့် အေးချမ်းတည်ငြိမ်အောင်မြင်စွာ အမြန်ဆုံးပြီးစီးစေရေး ပံ့ပိုးပါဝင်ထောက်ခံကူညီပေးကြခြင်းသည်သာ အနာဂတ်နိုင်ငံတော်သစ်နှင့် မျိုးဆက်သစ်များအတွက် အကောင်းဆုံးဖြစ်ပါလိမ့်မည်။ သို့မှသာ ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ် ဖြစ်ပေါ်စေရေး အသွင်ကူးပြောင်းသောကာလတွင် အမြော်အမြင်ရှိစွာဖြင့် ပံ့ပိုးဆောင်ရွက်ခဲ့သည့် မျိုးဆက်တစ်ခုအနေဖြင့် ကျွန်တော်တို့ကို မြန်မာ့သမိုင်းမော်ကွန်း၌ ကမ္ပည်းတင် ကျန်ရစ်စေလိမ့်မည်ဖြစ်သည်။ ။

စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရန် တရုတ်နှင့်ရုရှား ဘဏ္ဍာရေးဝန်ကြီးများ ဆွေးနွေး

မော်စကို ဇူလိုင် ၁၅

တရုတ်နှင့် ရုရှားနှစ်နိုင်ငံအကြား စီးပွားရေးကဏ္ဍမြှင့်တင်ရန် နှစ်နိုင်ငံဘဏ္ဍာရေးဝန်ကြီးများ၏ ဆွေးနွေးမှုများက အကျိုးပြုစေမည်ဖြစ်ကြောင်း တရုတ်နှင့်ရုရှား ဘဏ္ဍာရေးဝန်ကြီးများက ပြောကြားသည်ဟု ရုရှားအစိုးရ၏ ဇူလိုင် ၁၂ရက်က ထုတ်ပြန်သော အစီရင်ခံစာ၌ ဖော်ပြသည်။

တရုတ်နိုင်ငံသို့ ပြီးခဲ့သည့်နှစ်က ရုရှားသမ္မတပူတင် အလည်အပတ်ခရီး ရောက်ရှိစဉ်အတွင်း နှစ်နိုင်ငံဆက်ဆံရေး မြှင့်တင်ရန်နှင့် စီးပွားရေးဆိုင်ရာ ပူးပေါင်း ဆောင်ရွက်ရေး တိုးချဲ့ရန် ဆွေးနွေးခဲ့ကြောင်း အဆိုပါအစီရင်ခံစာ၌ ဖော်ပြသည်။

တရုတ်ဘဏ္ဍာရေးဝန်ကြီး ကျင်ရန်ကျင်းနှင့် ရုရှားဘဏ္ဍာရေး ဝန်ကြီး အလက်ဇီကူဒရင်တို့အနေဖြင့် နှစ်နိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ဆွေးနွေးပွဲ

လာမည့်နှစ်တွင် ပေကျင်းမြို့၌ နှစ်နိုင်ငံ ဘဏ္ဍာရေး ဝန်ကြီးများ၏ တတိယအကြိမ်မြောက် ဆွေးနွေးပွဲကို ကျင်းပမည်ဖြစ်သည်။

ဆော်ဒီအာရေဗျနိုင်ငံ ရီးယာ့ဒ်မြို့၌ကျင်းပသည့် ဖက်ရှင်ပြပွဲတွင် ပါဝင်ပြသနေသည့် အလှမယ်တစ်ဦးအား ဇူလိုင် ၁၃ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ကျူးဘားနှင့် တောင်အာဖရိက စီးပွားရေးပူးပေါင်းဆောင်ရွက်

ဟာဗားနား ဇူလိုင် ၁၅

ကျူးဘားနှင့်တောင်အာဖရိက နိုင်ငံတို့သည် စီးပွားရေးလုပ်ငန်းကဏ္ဍများ၌ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန် ကျူးဘားနိုင်ငံတွင် ဇူလိုင် ၁၁ရက်က ကျင်းပသည့်နှစ်နိုင်ငံနိုင်ငံခြားရေးဝန်ကြီးများတွေ့ဆုံဆွေးနွေးပွဲ၌သဘောတူခဲ့ကြသည်။

အလည်အပတ်ရောက်ရှိနေသည့် တောင်အာဖရိကနိုင်ငံ ဒုတိယနိုင်ငံခြားရေးဝန်ကြီး အဇစ်ပက်ဟက်က ၎င်းတို့အနေဖြင့် ကုန်သွယ်ရေးဆိုင်ရာကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်မှုကို ဆက်လက် ပြုလုပ်သွားမည်ဖြစ်သည်။

လက်ရှိ အခြေအနေ၌ နှစ်နိုင်ငံအကြား နှစ်စဉ် ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၁၂သန်းမှ ၁၅ သန်းအထိ ဆောင်ရွက်လျက်ရှိသည်။

အမ်အင်န်အေ၊ဆင်ဟွာ

အီရန်နှင့် အိုင်အေအီးအေ ဆွေးနွေးပွဲများ ဆက်လုပ်မည်

တီဟီရန် ဇူလိုင် ၁၅

အီရန်နိုင်ငံ၏ နျူကလီးယားအစီအစဉ်များအပေါ် ပိုမိုအမြင်ကြည်လင်မှု ရရှိစေရန် လာမည့် သီတင်းပတ်များတွင် အိုင်အေအီးအေအဖွဲ့နှင့် တွေ့ဆုံဆွေးနွေးမှုများ ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း အီရန်အရာရှိတစ်ဦးက ဇူလိုင် ၁၂ ရက်၌ ပြောကြားလိုက်သည်။

အီရန်နှင့် ကုလသမဂ္ဂဆိုင်ရာ နျူကလီးယားစောင့်ကြည့်ရေးအဖွဲ့(အိုင်အေအီးအေ)တို့၏ တီဟီရန်မြို့၌ နှစ်ရက်ကြာဆွေးနွေးပွဲ ကျင်းပခဲ့ပြီးနောက် ယခုကဲ့သို့ ပြောကြားလိုက်ခြင်းဖြစ်သည်။

အနောက်အုပ်စုနိုင်ငံများ၏ သံသယဖြစ်နေမှုများကို ရှင်းလင်းရန် အစီအစဉ်တစ်ရပ်အဖြစ် မိမိတို့ ယခုကဲ့သို့ အိုင်အေအီးအေနှင့် ဆွေးနွေးနေခြင်းဖြစ်ကြောင်း ၎င်းအရာရှိက ပြောကြားသည်။

အနောက်အုပ်စုနိုင်ငံများမှ သံတမန်များကမူ အီရန်တို့သည် ၎င်းတို့၏ နျူကလီးယားအစီအစဉ် အောင်မြင်ရန် အချိန်ကြာအောင် ကြိုးစားနေခြင်းဖြစ်ကြောင်း ပြောကြားသည်။ **အမ်အင်န်အေ၊ရိုက်တာ**

တရုတ်နိုင်ငံ ပေကျင်း မြို့၌ ၂၀၀၈ခုနှစ်အိုလံပစ် အထိမ်းအမှတ်အဖြစ် ၎င်းနိုင်ငံမှ ထုတ်လုပ်သည့် ချယ်ရီ မော်တော်ကားများအား အိုလံပစ်အမှတ်အသားတံဆိပ်ပုံဖော်ပြသထားသည်ကို ဇူလိုင် ၁၃ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဗီယက်နမ်လေကြောင်းလိုင်းမှ ဝင်ငွေရရှိမှု ယခုနှစ် ပထမနှစ်ဝက်အတွင်း မြင့်တက်

ဟန်နွိုင်း ဇူလိုင် ၁၅

ဗီယက်နမ်နိုင်ငံ လေကြောင်းလိုင်းမှ ဝင်ငွေရရှိမှုမှာ ယခုနှစ် ပထမနှစ်ဝက်အတွင်း အမေရိကန်ဒေါ်လာ ၅၈၆ ဒသမ၃သန်းရရှိရာ နှစ်ချင်းအလိုက် ဝင်ငွေတိုးမြင့်မှု ၁၁ရာခိုင်နှုန်းရှိကြောင်း ဗီယက်နမ် နယူးစ်သတင်းစာက ဇူလိုင် ၁၂ရက်၌ ဖော်ပြသည်။

ယင်းလေကြောင်းလိုင်းမှ နိုင်ငံတော်အတွက် အခွန်စည်းကြပ်ရရှိမှုမှာ ယခုပထမ ခြောက်လအတွင်း အမေရိကန် ဒေါ်လာ ၁၂ဒသမ၈သန်းဖြစ်ရာ တစ်နှစ် ပတ်လုံးအတွက် အခွန်စည်းကြပ်မှု ၅၉ ရာခိုင်နှုန်းရရှိရန် မျှော်မှန်းထားသည်။ လေကြောင်းခရီးစဉ်ပေါင်း ၃၁၃၄၉၀ပျံသန်းရာတွင် ခရီးသည်ပေါင်း ၃ဒသမ၈ သန်းနှင့်ကုန်စည် တန်ချိန် ၅၃၃၈၅တင်ဆောင်ပျံသန်းလျက်ရှိသည်။

တိုးမြင့်

ပြည်တွင်း ခရီးသည်ပေါင်း ၂ဒသမ၂သန်းတင်ဆောင်ခဲ့ရာ၂၃ ဒသမ ၉ရာခိုင်နှုန်း တိုးမြင့်လျက်ရှိပြီး ပြည်ပခရီးသည် ၁ဒသမ ၆သန်းကျော် ဝန်ဆောင်မှုပေးနိုင်ခဲ့ရာမှ ပြည်ပခရီးသည် ၆ဒသမ ၉ရာခိုင်နှုန်း တိုးမြင့်လာသည်။

အမ်အင်န်အေ၊ဆင်ဟွာ

မီယာမီ အပြည်ပြည်ဆိုင်ရာလေဆိပ် မျှော်စင်မီးလောင်မှုဖြစ်ပွား

မီယာမီ ဇူလိုင် ၁၅

အမေရိကန်နိုင်ငံ မီယာမီမြို့ရှိ မီယာမီအပြည်ပြည်ဆိုင်ရာ လေဆိပ်၌ မျှော်စင်တစ်ခု ဇူလိုင် ၁၁ ရက်က မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း၊ သို့သော်လည်း မီးလောင်မှုကို အချိန်မီထိန်းချုပ်နိုင်ခဲ့ကြောင်း မီယာမီလေဆိပ် အရာရှိများက ပြောကြားသည်။

သို့သော်လည်း မီးလောင်မှုမှာ လုံးဝမငြိမ်းသေးကြောင်း၊ အချို့နေရာများ၌ မီးလောင်မှုဖြစ်ပွားနေဆဲဖြစ်ကြောင်း၊ အဆိုပါမျှော်စင်မှ မီးခိုးများ ထွက်ရှိနေဆဲဖြစ်ကြောင်း လေဆိပ်အရာရှိများက ပြောကြားသည်။

မီယာမီအပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ယခုအခါ ခရီးသည်နားနေဆောင်တစ်ခုကို တည်ဆောက်လျက်ရှိရာ အမေရိကန်ဒေါ်လာသန်း ၅၀၀ခန့် ကုန်ကျခံ တည်ဆောက်နေသည်။ ယခုအခါ လုပ်ငန်းစီမံကိန်း ထက်ဝက်ခန့် ပြီးဆုံးနေပြီဖြစ်သည်။

အမ်အင်န်အေ၊ရိုက်တာ

အင်ဒိုနီးရှား၌ ဆီးချိုရောဂါဖြစ်မှုများပြား

ဂျကာတာ ဇူလိုင် ၁၅

အင်ဒိုနီးရှားနိုင်ငံသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ခန့်မှန်းတွက် ချက်မှုစာရင်းအရ ကမ္ဘာ့ဆီးချိုရောဂါဖြစ်ပွားမှု အများဆုံးနိုင်ငံများတွင် အဆင့်လေးနေရာ၌ ရှိကြောင်း အင်ဒို နီးရှားနိုင်ငံ ဆေးပညာဆိုင်ရာ ကျွမ်းကျင်သူ အဖွဲ့တစ်ဖွဲ့က ဇူလိုင် ၁၂ ရက်တွင် ထုတ်ဖော်ပြောကြားသည်။

ပြောကြား

၂၀၀၀ပြည့်နှစ်က အင်ဒိုနီးရှား၌ ဆီးချိုရောဂါခံစားနေရသူများ ၈ဒသမ ၄သန်းရှိခဲ့ရာမှ ၂၀၃၀ပြည့် နှစ်အရောက်တွင် ၂၁ ဒသမ ၃သန်း ခန့်တိုးမြင့်လာနိုင်ကြောင်း အင်ဒိုနီးရှားဆေးဝါးပညာ တက္ကသိုလ်မှ ပါမောက္ခဆီဒါတာဝမ်ဆိုဝွန်ဒါက ပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာမြို့တွင် တောင်ကိုရီးယားကုမ္ပဏီမှ ဖွင့်လှစ်သည့် အထည်ချုပ်စက်ရုံ၏ လုပ်ငန်းခွင်ကို ဇူလိုင်၁၃ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

လက်ဘနွန်၌ တိုက်ခိုက်မှုများ ဖြစ်ပွား

နာအယ်ဘာရက် ဇူလိုင် ၁၅

လက်ဘနွန်နိုင်ငံ ပါလက်စတိုင်း ဒုက္ခသည်စခန်းတွင် ဇူလိုင်၁၃ ရက်က ဖာတာစစ်သွေးကြွလက်နက်ကိုင်များနှင့် လက်ဘနွန်တပ်ဖွဲ့ဝင်များ အကြား တိုက်ခိုက်မှုများ ပြန်လည်ဖြစ်ပွားခဲ့ကြောင်း အင်တာနက် သတင်း၌ ဖော်ပြသည်။

ဖာတာစစ်သွေးကြွတိုက်ခိုက်ရေးသမားများက ဒုံးကျည်တစ်ဒါဇင်ခန့်ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် လက်ဘနွန်တပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးသွားကြောင်း ၎င်းသတင်း၌ ဖော်ပြသည်။

(အင်တာနက်)

ထိုင်းတောင်ပိုင်း နာရာသီဝပ်ပြည်နယ်၌ ရွာသားနှစ်ဦး ပစ်သတ်ခံရ

ဗန်ကောက် ဇူလိုင် ၁၅

ထိုင်းနိုင်ငံတောင်ပိုင်း နာရာသီဝပ်ပြည်နယ်၌ ဇူလိုင်၁၂ရက် နံနက်ပိုင်းက သေနတ်သမား၏ လက်ချက်ဖြင့် ရွာသားနှစ်ဦးသေဆုံးကြောင်း သိရသည်။

ပင်ဟီရှန်ဖန်ဆိုသူနှင့် ဇနီးဖြစ်သူ ဘွန်သစ်ဟီရှန်ဖန်တို့နှစ်ဦးသည် ရန်ဂေးခရိုင် ဈေးသို့သွားစဉ် မော်တော်ဆိုင်ကယ်စီး သေနတ်သမားတစ်ဦးက ပစ်သတ်လိုက်သဖြင့် ဇူလိုင်၁၂ရက်တွင် သေဆုံးသွားကြောင်း ထိုင်းသတင်းဌာနက ကြေညာသည်။

ထိုပစ်သတ်မှုမှာ ထိုင်းနိုင်ငံတောင်ပိုင်း အကြမ်းဖက် ဆူပူမှုနှင့် ဆက်စပ်လျက်ရှိကြောင်း ရဲတပ်ဖွဲ့က ကြေညာသည်။

နာရာသီဝပ်ပြည်နယ်နှင့်တကွ ယာလာပြည်နယ်၊ ပတ္တနီပြည်နယ်တို့တွင် နေ့စဉ်လိုပင် အကြမ်းဖက်တိုက်ခိုက်မှုများ ဖြစ်ပွားနေသည်ဟု ဆို၏။

အမ်အင်န်အေ၊ဆင်ဟွာ

ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီး အလှူရှင်များ ရေစက်ချပွဲနှင့် ဂုဏ်ပြုပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၁၅

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ပစ္စည်းလေးပါးဖြင့် စဉ်ဆက်မပြတ် ထောက်ပံ့လှူဒါန်းခဲ့ကြသော ပြည်တွင်းပြည်ပမှ ပဒေသာပင် အလှူရှင်များ၏ (၄၆)ကြိမ်မြောက် ရေစက်ချမင်္ဂလာပွဲနှင့် အလှူရှင်များအား ဆေးရုံအုပ်ချုပ်ရေးအဖွဲ့က ဂုဏ်ပြုညှော်ခံပွဲ အခမ်းအနားကို ဇူလိုင် ၈ ရက် မွန်းလွဲ ၂ နာရီတွင် အဆိုပါ ဆေးရုံကြီး ဝေဇယန္တာဆောင် ရှစ်ထပ်အဆောက်အအုံ အပေါ်ဆုံးထပ် ခန်းမဆောင်ကြီး၌ကျင်းပရာ**(ယာပုံ)** ဆေးရုံအုပ်ချုပ်ရေးအဖွဲ့နာယကကြီးများ၊ဒုတိယဥက္ကဋ္ဌများ၊အတွင်းရေးမှူး ဦးမောင်မောင်နှင့်အုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ဖိတ်ကြားထားသော အလှူရှင်များနှင့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ရန်ကုန်တိုင်း ရန်ကင်းမြို့နယ် ရွှေပြည်ဟိန်းကျောင်းတိုက်နှင့် ရွှေပြည်ဟိန်း ကုသိုလ်ဖြစ် ဆေးခန်း ဦးဆောင်ဆရာတော် မဟာမဓမ္မကထိက၊

ဗဟုဇန ဟိတရေ၊ တိပိဋက တစ်ပုံခွဲအောင် ဘဒ္ဒန္တ ခေမာသီရိလင်္ကာရထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး အခမ်းအနားကျင်းပရခြင်းနှင့်ပတ်သက်၍ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင်က တင်ပြလျှောက်ထားသည်။

ထို့နောက် ဆရာတော်ကြီးများနှင့် သံဃာတော်များအား သင်္ကန်း အစရှိသော လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး ဆရာတော်ကြီးထံမှ ရေစက်ချ အနုမောဒနာ တရားနာယူပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြကာအခမ်းအနားကို ရုပ်သိမ်းကြောင်းသတင်းရရှိသည်။**(က-ပ)**

ဇူလိုင် ၅ရက်က ဆူးလေစေတီတော် ဘက်စုံမွမ်းမံ ပြန်လည် တည်ဆောက်ရေးစီမံကိန်း၊ ထီးတော်ကြီးနှင့်ကိုယ်လုံးတော်ကြီးအား ရွှေစင်ရွှေပြားမျက်ပါးရွှေသင်္ကန်းတော်များ ကပ်လှူပူဇော်ရေးနှင့် အရံစေတီတော်များ ပြုပြင်မွမ်းမံရေး မျက်ပါး ရွှေသင်္ကန်း ကပ်လှူရေး လုပ်ငန်း အတွက် အမှတ်(၁၀၄) ၂၇လမ်း ပန်းဘဲတန်းမြို့နယ် ရန်ကုန်မြို့ ဦးမျိုးဆန်း-ဒေါ်မြင့်မြင့်သိန်း၊ သမီး မမြင့်မြင့်ဆန်း၊ သားဗိုလ်မှူးထွန်းလွင် ဇနီး မဝါဝါလွင်၊ မြေး မောင်သုတလျှမ်းထက်၊ သား ကိုမျိုးဝင်း မိသားစုက မြတ်ဒါနအဖြစ် ရွှေစင်ရွှေသားတစ်ကျပ်သား ကိုးလက်မပတ်လည် တစ်ချပ်အတွက် ငွေကျပ်သုံးသိန်း ငါးသောင်းကို ဂေါပကအဖွဲ့ဝင်များဖြစ်ကြသော ဦးချစ်အေး၊ ဦးကျော်လှနှင့် ဦးဟန်(သီတဂူ) တို့ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေအား ကုလသမဂ္ဂ လူဦးရေရန်ပုံငွေအဖွဲ့မှ ဌာနေကိုယ်စားလှယ် လာရောက်တွေ့ဆုံ

နေပြည်တော် ဇူလိုင် ၁၅

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေအား မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ လူဦးရေရန်ပုံငွေအဖွဲ့ ဌာနေကိုယ်စားလှယ် Mr. Daniel B. Baker သည် ဇူလိုင်၁၂ရက် နံနက်၉နာရီက နေပြည်တော်ရှိ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီး၏ ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံသည်။ **(အောက်ပုံ)**

ထိုသို့ တွေ့ဆုံရာတွင် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဝင်းစိန်၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသား မှတ်ပုံတင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်သန်း၊ ပြည်သူ့အင်အားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်ရီ၊ ရုံးအဖွဲ့မှူး ဦးသန်းနိုင်ထွန်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဒုတိယဥက္ကဋ္ဌ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲလူနာများအတွက် ခွဲစိတ်ကုသစရိတ်ပေးအပ်

ရန်ကုန် ဇူလိုင် ၁၅

မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းမှ ဒုတိယဥက္ကဋ္ဌဒေါ်အေးအေး၊ အတွင်းရေးမှူး ဒေါက်တာဒေါ်ဝေဝေသာနှင့် အဖွဲ့ဝင် ဒေါက်တာဒေါ်ခင်မြဝင်းတို့သည် ပဲခူးတိုင်း (အနောက်ပိုင်း) ရွှေတောင်မြို့နယ် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ သားဖွားခန်း အဆောက်အအုံသို့ ဇူလိုင် ၁၀ရက် နံနက် ၁၁နာရီက ရောက်ရှိပြီး အလှူငွေပေးအပ်ပွဲ အခမ်းအနားကျင်းပရာ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဒေါ်အေးအေးက အဖွင့်အမှာစကားပြောကြားသည်။

ပေးအပ်

ဆက်လက်၍ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက လှူဒါန်းငွေကျပ် တစ်သိန်းကို ဒုတိယဥက္ကဋ္ဌက ပေးအပ်ရာ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်နွယ်နီခိုင်က လက်ခံပြီး ရွှေတောင်မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌက အသင်းဝင်အဆိုပြုလွှာ ၅၀၀ကို ပေးအပ်ရာ ပဲခူးတိုင်း (အနောက်ပိုင်း) တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌဒေါ်သိန်းပိုင်က လက်ခံသည်။

အားပေးစကား

ယင်းနောက် သားဖွားခန်းရှိ ကိုယ်ဝန်ဆောင်မိခင်များ၊ မီးဖွားပြီးမိခင်များအား လိုအပ်သောအားဆေးနှင့် အိုင်အိုဒင်းဆားများ ပေးအပ်ပြီး အားပေးစကားပြောကြားကာ သားဖွားခန်းမှ ရွှေတောင်မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏နေ့ကလေးထိန်း မူကြိုကျောင်းသို့ ဆက်လက်ထွက်ခွာသည်။ ကျောင်းတွင် မူကြိုကလေးများ၏စွမ်းရည်ပြသမှုကိုကြည့်ရှုအားပေးကာကလေး၃၀အတွက် ကစားစရာအရုပ်များ၊မုန့်များဝေငှသည့်အပြင် အာဟာရ ကျွေးမွေးနိုင်ရန် အလှူငွေကျပ် တစ်သောင်းပေးအပ်ခဲ့သည်။

ဆေးဝါးကုသစရိတ်

ထိုမှတစ်ဆင့် ဒုတိယဥက္ကဋ္ဌနှင့်အဖွဲ့သည် မွန်းလွဲ၁နာရီတွင် ပြည်မြို့ အထွေထွေရောဂါကု ဆေးရုံကြီး၌ ကျင်းပသော နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ လူနာများအတွက်ခွဲစိတ်ကုသစရိတ်နှင့် ဆေးဝါးကုသစရိတ်ငွေများ လှူဒါန်းပွဲ အခမ်းအနားသို့ တက်ရောက်သည်။

ကြိုဆိုနှုတ်ခွန်းဆက်စကား

ရှေးဦးစွာ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးကြီးစိန်မြင့်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဒုတိယဥက္ကဋ္ဌ ဒေါ်အေးအေးက အဖွင့်အမှာ စကားပြောကြားသည်။ ထို့နောက် ပြည်မြို့ အထွေထွေရောဂါကုဆေးရုံကြီးတွင် ခွဲစိတ်ကုသလျက်ရှိသော နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ လူနာ ၄၈ဦးအတွက် ခွဲစိတ်ကုသရာတွင် ကုန်ကျစရိတ်ငွေကျပ် ၁၁၁၁၈၀၀ကို မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဒုတိယဥက္ကဋ္ဌ ဒေါ်အေးအေးကပေးအပ်ရာ ခွဲစိတ်အထူးကု ဆရာဝန်ကြီး ပါမောက္ခဒေါက်တာ ခင်မောင်လွင်ကလက်ခံယူပြီးလူနာ၄၈ဦးအတွက် ဆေးဝါးကုသစရိတ် ငွေကျပ် ၁၀သိန်းကို မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း အတွင်းရေးမှူး ဒေါက်တာ ဒေါ်ဝေဝေသာက ပေးအပ်ရာ ပြည်မြို့အထွေထွေ ရောဂါကုဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာ လှမြင့်က လက်ခံယူသည်။

လက်ခံယူ

ဆက်လက်၍ ပြည်မြို့ပေါ်ရှိ အလှူရှင်များက လှူဒါန်းငွေကျပ် ၈၄၅၀၀၀ ကိုပေးအပ်လှူဒါန်းရာပဲခူးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးကြီးစိန်မြင့်နှင့် တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်သိန်းပိုင်နှင့် အတွင်းရေးမှူး ဒေါက်တာ သန်းဝင်းတို့က လက်ခံယူသည်။

လှည့်လည်ကြည့်ရှု

ယင်းနောက် ဆေးရုံကြီးသို့ တက်ရောက်ပြီး ခွဲစိတ်ကုသမှု ခံယူနေသော နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲလူနာများအား ခွဲစိတ်ကုသမှု အခြေအနေနှင့် ခွဲစိတ်ကုသပြီး လူနာများအား လှည့်လည်ကြည့်ရှုကြပြီး အလှူငွေများပေးအပ်ကာ အားပေးစကား ပြောကြားသည်။

ဆေးနှင့်အလှူငွေပေး

ထို့နောက် မွန်းလွဲပိုင်းတွင် ပြည်မြို့ သီရိခေတ္တရာ ဘိုးဘွားရိပ်သာ၌ ကျင်းပသော ဆေးနှင့်အလှူငွေပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

ရှေးဦးစွာ အဘိုး၊ အဘွားများအား ကန်တော့၍ အဘိုး၊ အဘွားများအတွက် ငွေကျပ်ခုနစ်သိန်းတန်ဖိုးရှိ Nutrivita ဘူး ၇၀နှင့် အလှူငွေကျပ်တစ်သိန်းကို မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဒုတိယဥက္ကဋ္ဌ၊အတွင်းရေးမှူးတို့က ပေးအပ်လှူဒါန်းရာ အဘိုးတစ်ဦးနှင့် အဘွားတစ်ဦးတို့က ကျေးဇူးတင်သာဓုခေါ် မေတ္တာပို့သကြပြီး အခမ်းအနားကို ရုပ်သိမ်းသည်။ **(သတင်းစဉ်)**

မြန်မာအမျိုးသမီးများနေ့အခမ်းအနား ဘားအံမြို့၌ကျင်းပ

ရန်ကုန် ဇူလိုင် ၁၅

မြန်မာအမျိုးသမီးများနေ့ အခမ်းအနားကို ကရင်ပြည်နယ် ဘားအံမြို့ ဖွဲ့ကပင်ခန်းမ၌ ဇူလိုင် ၃ ရက် နံနက် ၈နာရီက ကျင်းပသည်။

ပေးအပ်လှူဒါန်း

ရှေးဦးစွာ အခမ်းအနားကို မြန်မာအမျိုးသမီးများနေ့ ဂုဏ်ပြုတေးသီချင်းဖြင့် ဖွင့်လှစ်၍ ကရင်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်တင်စိန်က အမှာစကားပြောကြားသည်။ ကရင်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌနှင့် ဘားအံ၊ ကော့ကရိတ်၊ မြဝတီခရိုင် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌတို့က ထူးချွန်ဆုရအမျိုးသမီး ၂၉ဦးနှင့် အမျိုးသား တစ်ဦးတို့အား ဂုဏ်ပြုဆုချီးမြှင့်ပြီးနောက်ဘားအံခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်နော်အိန်ဂျလာဖေက အလှူငွေကျပ် ၁၅သိန်း၊ ကော့ကရိတ်ခရိုင် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ရင်သိန်းက အလှူငွေကျပ် ငါးသိန်း၊ မြဝတီခရိုင် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ငွေငွေခိုင်က အလှူငွေကျပ် ငါးသိန်းကို ပေးအပ်လှူဒါန်းရာ ကရင်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်တင်စိန်က လက်ခံယူသည်။

ဖျော်ဖြေတင်ဆက်

ထို့နောက် တိုင်းရင်းသားရိုးရာ ဝတ်စား ဆင်ယင်မှုပြပွဲ၊ ဆံကေသာ အလှပြပွဲ၊ သတို့သမီး ဝတ်စုံပြပွဲနှင့် ဂုဏ်ပြုတေးသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။ **(အောက်ပုံ)**

ဆက်လက်၍ မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် စာစီစာကုံး တက္ကသိုလ်၊ ကောလိပ် အဆင့်နှင့် အထက်တန်းအဆင့်၊ အလယ်တန်းအဆင့်ပြိုင်ပွဲများကို ဇူလိုင် ၁၀ရက် နံနက် ၁၀နာရီက ဘားအံတက္ကသိုလ်နှင့် ဘားအံမြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းများ၌ တစ်ပြိုင်တည်း ကျင်းပသည်။

ကြည့်ရှုအားပေး

ထို့နောက် အခမ်းအနားကျင်းပသည့် ဖွဲ့ကပင်ခန်းမ၌ ကရင်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့အဆင့်ဆင့်တို့၏ လှုပ်ရှားမှု ဓာတ်ပုံမှတ်တမ်းများ၊ ဆုရစာစီစာကုံးများ၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်မှဖြန့်ဝေသောအမျိုးသမီးရေးရာမဂ္ဂဇင်း၊ ဂျာနယ်၊ ဥပဒေစာအုပ်များ ခင်းကျင်းပြသထားမှုကို ကြည့်ရှုအားပေးကြပြီး တက်ရောက်လာကြသော အမျိုးသမီးရေးရာအဖွဲ့ဝင်များအား အမျိုးသမီးရေးရာအဖွဲ့ အကြောင်းသိကောင်းစရာ လက်ကမ်းစာစောင် ဖြန့်ဝေပေးသည်။

စုပေါင်းစိုက်ပျိုး

ဇူလိုင်၁ရက် နံနက် ၇နာရီကလည်း မြန်မာ အမျိုးသမီးများနေ့ အထိမ်းအမှတ်အဖြစ် ဘားအံမြို့ နည်းပညာတက္ကသိုလ်၌ ရတနာတန်းဝင် ကျွန်း၊ ပျဉ်းကတိုး အပါအဝင် နှစ်ရှည်အပင်မျိုးစုံ၁၀၀၀ စုပေါင်းစိုက်ပျိုးပွဲ အခမ်းအနားကို ကျင်းပခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

■ **ကျောဖုံးမှ**

ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ဇူလိုင် ၁၃ ရက် နံနက် ၈ နာရီတွင် ပြည်မြို့ သီရိခေတ္တရာ ရတနာခန်းမ၌ တိုင်း၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိ ရပ်ဖများနှင့် တွေ့ဆုံကြသည်။

ရှင်းလင်းတင်ပြ

တွေ့ဆုံပွဲတွင် ပြည်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ခင်က အုပ်ချုပ်ရေး၊ စီးပွားရေး၊ စိုက်ပျိုးရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးဆိုင်ရာ ကိစ္စရပ်များ၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက ပြည်ခရိုင်သည် စိုက်ပျိုးရေးတွင် ပဲခူးတိုင်းအတွက် အားထားရသည့် ခရိုင်ဖြစ်ကြောင်း၊ ဆန်နှင့်ဆီဖူလုံပိုလျှံမှုရှိသည့်အပြင် ပဲမျိုးစုံလည်း စိုက်ပျိုးနိုင်သည့် ခရိုင်ဖြစ်ကြောင်း၊ ပဲခူးတိုင်းတွင် မိုးစပါးဧက သိန်း ၃၀၊ နွေစပါး လေးသိန်း၊ ပဲစိုက်ဧက ၁၆ သိန်း၊ ဆီထွက်သီးနှံဧက ငါးသိန်းခွဲ စိုက်ပျိုးရန် လျာထားချက်ပြည့်မီရေးအတွက် ပြည်ခရိုင်အနေဖြင့် သတ်မှတ်ပေးထားသည့်အတိုင်း ပြည့်မီကျော်လွန်အောင် စိုက်ပျိုးဆောင်ရွက်ရန် အရေးကြီးကြောင်း၊ ပဲစိုက်ခင်းများအတွင်း နေကြာကို သီးညှပ်အဖြစ် စိုက်ပျိုးခြင်းဖြင့် ဆီထွက်သီးနှံစိုက်ဧက တိုးတက်အောင် စားသုံးဆီပိုလျှံအောင် ဆောင်ရွက်ရန်ဖြစ်ကြောင်း၊ ပြည်ခရိုင်အနေဖြင့် သတ်မှတ်ချက်နှင့်အညီ ဆီထွက်သီးနှံစိုက်ပျိုးဆောင်ရွက်ရန်အပြင် တိုင်းအတွင်း ဆီထွက်သီးနှံ တိုးချဲ့စိုက်ပျိုးမည့် အခြားခရိုင်များ၊ မြို့နယ်များသို့ နေကြာ၊ နှမ်းနှင့် မြေပဲ မျိုးကောင်းမျိုးသန့်များ ထုတ်လုပ်ဖြန့်ဝေရေးအတွက် ယခုနှစ်တွင် တာဝန်ယူဆောင်ရွက်ရန်ဖြစ်ကြောင်း၊ ဆီထွက်သီးနှံမျိုးလုံလောက်မှုရှိစေရေးအတွက် ရှာဖွေတွက်ချက် ပြင်ဆင်ဆောင်ရွက်ထားရန်လိုကြောင်း၊ ထို့အပြင် ခြံစည်းရိုးကြက်ဆူပင်ကို သတ်မှတ်ချက်ပြည့်အောင် စိုက်ပျိုးရန်ဖြစ်ကြောင်း၊ အလားတူပင် မွေးမြူရေးကဏ္ဍတိုးတက်အောင်လည်း ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ နိုင်ငံတော် တိုးတက်ဖွံ့ဖြိုးရေးအတွက် တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေအေးချမ်းတည်ငြိမ်ရေး၊ တိုင်းပြည်စီးပွားရေးကောင်းမွန်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးရေးအခြေခံကောင်းများရရှိနေပြီး တစ်နိုင်ငံလုံး အကြားအလပ်မရှိ ဖွံ့ဖြိုးတိုးတက်စေရန် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ ဖွံ့ဖြိုးရေးအထူးဒေသကြီး ၂၄ ခု စီမံကိန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်(၅)ရပ် စီမံကိန်းစသည့် စီမံကိန်းကြီး (၃)ရပ်တို့ဖြင့် ဆောင်ရွက်လျက်ရှိရာ တိုးတက်မှုများ ရရှိနေပြီဖြစ်ကြောင်း၊ ရရှိထားသည့် တိုးတက်မှုအရှိန်အဟုန် မပျက်စေရန် စီးပွားရေးအခြေခံဖြစ်သော စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို တိုးချဲ့နိုင်သမျှ တိုးတက်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ချမှတ်ထားသည့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေး လုပ်ငန်းစဉ်(၅)ရပ် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဝန်ထမ်းများ၊ တာဝန်ရှိသူများအနေဖြင့် အောက်ခြေအထိ ကွင်းဆင်းဆောင်ရွက်ရန်ဖြစ်ကြောင်း၊ သမိုင်းအစဉ်အလာရှိပြီး လုပစည်ကားသည့် ပြည်မြို့ကို မြို့အင်္ဂါရပ်နှင့် ညီညွတ်နေစေရေးအတွက် တာဝန်ရှိသူများနှင့် ဒေသခံ ပြည်သူများနှင့်ပူးပေါင်း ဆောင်ရွက်ကြစေလိုကြောင်း မှာကြားပြီး တွေ့ဆုံပွဲသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် ပြည်မြို့ နဝဒေးရပ်ကွက်၌ ကျင်းပသော ပြည် စက်မှုဇုန်သစ် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ထို့နောက် ပြည်စက်မှုဇုန်သစ်ဖွင့်ပွဲအခမ်းအနားကို စက်မှုဇုန်အဝင် မုခ်ဦးရှေ့၌ကျင်းပရာ ရှေးဦးစွာ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်ကိုကို၊ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးကြီးစိန်မြင့်နှင့် ပြည်စက်မှုဇုန် ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ခင်တို့က ဖဲကြိုးဖြတ်၍ ပြည်စက်မှုဇုန်သစ်ကို ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက စက်ခလုတ်နှိပ်၍ ပြည် စက်မှုဇုန်သစ် ဆိုင်းဘုတ်ကို ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးသည်။

နံ့သာရည်ပက်ဖျန်း

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်ကိုကိုနှင့် ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးကြီးစိန်မြင့်တို့က စက်မှုဇုန်သစ် ဆိုင်းဘုတ်ကို အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးကြသည်။

ထို့နောက် အခမ်းအနားဒုတိယပိုင်း အစီအစဉ်များကို ရှင်းလင်းဆောင်၍ ဆက်လက်ကျင်းပရာ စက်မှုဇုန်ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ခင်က စက်မှုဇုန်တည်ဆောက်ရခြင်း ရည်ရွယ်ချက်၊ မြေကွက်ပေ ၁၀၀ ပတ်လည်ရှိ အကွက်ပေါင်း ၃၀၃ ကွက် ဖော်ထုတ်နေရာချထားမှု စက်ပစ္စည်းအစိတ်အပိုင်းများ၊ မော်တော်ယာဉ်ပစ္စည်း အစိတ်အပိုင်းများနှင့် မော်တော်ယာဉ်များ ထုတ်လုပ်မှု၊ လျှပ်စစ်မီးနှင့် ရေရရှိရေး ဆောင်ရွက်မှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြပြီး တိုင်းမှူး ဗိုလ်ချုပ်ကိုကိုနှင့် တာဝန်ရှိသူများက လိုအပ်သည်များကို ဖြည့်စွက်တင်ပြကြသည်။

လုံလောက်စွာရရှိ

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက စက်မှုထုတ်ကုန်များကို သွင်းကုန်အစားထိုး စက်ကိရိယာများတီထွင်ထုတ်လုပ်နိုင်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရေးနှင့် လုပ်ငန်းအတွက် အဓိကလိုအပ်သည့် လျှပ်စစ်ဓာတ်အားလုံလောက်စွာရရှိရေး ဆောင်ရွက်ရန် တာဝန်ရှိသူများအား မှာကြားသည်။

ထို့နောက် စက်မှုဇုန်ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ခင်က ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုတို့အား စက်မှုဇုန်ဖွင့်ပွဲ အမှတ်တရလက်ဆောင်ပစ္စည်းများကို ပေးအပ်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးပြီး စက်မှုလုပ်ငန်းရှင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် စက်မှုဇုန်ထုတ် မော်တော်ယာဉ်ပစ္စည်းအစိတ်အပိုင်းများ၊ ရေစီးအားသုံး ရေတင်စက်၊ ကြက်ဆူဆီကြိတ်စက်၊ ဒီဇယ်ဆီသုံးရန်မလိုဘဲ စပါးခွံဓာတ်ငွေ့သုံး အင်ဂျင်စက်နှင့် ကြက်ဆူဆီကြိတ်စက်တို့ တွဲဖက်လျက် ထွက်ရှိသော အငွေ့ဖြင့် စပါးအခြောက်ခံစက် လည်ပတ်နိုင်မှုတို့ ခင်းကျင်းပြသထားမှုများကိုလှည့်လည်ကြည့်ရှုကြရာ တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။

ကြည့်ရှုအားပေး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် ပြည် စက်မှုဇုန်ထုတ် Light Truck တစ်တန် မော်တော်ယာဉ်များနှင့် ပြည် ဂျစ်ကားများကို ကြည့်ရှုအားပေးကြပြီး အရည်အသွေး ပိုမိုကောင်းမွန်သည့် ယာဉ်များ ပိုမိုထုတ်လုပ်နိုင်ရေး ကြိုးပမ်းရန် မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် ပြည်စက်မှုဇုန် ၆၆/၁၁ ကေဗွီ(၅) အမ်ဗွီအေဓာတ်အားခွဲရုံသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ စက်မှုဇုန်သို့ ဓာတ်အားပေးဝေမှုနှင့် ဓာတ်အားထိန်းသိမ်းမှု လုပ်ငန်းများကို တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။

Jonathan Sjuman, Manyar Kartika 4/26 - 28, Surabaya 60118, Indonesiaက ငွေကျပ်နှစ်ဆယ့်ခြောက်သိန်း တန်ဖိုးရှိသော ဆန်အိတ် ၁၀၀ ကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးကျော်ရှိန်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် ပြည်-ရန်ကုန်လမ်းအတိုင်း မော်တော်ယာဉ်များဖြင့် ထွက်ခွာလာကြပြီး သဲကုန်းမြို့နယ်ရှိ အင်းမတပ်နယ်သို့ ရောက်ရှိကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် အင်းမတပ်နယ်ခန်းမ၌ အရာရှိ၊ စစ်သည်မိသားစုဝင်များနှင့် တွေ့ဆုံသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

တွေ့ဆုံပွဲတွင် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက တပ်မတော်မိသားစုဝင်များ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စိုက်ပျိုးမွေးမြူရေးဆိုင်ရာ ကိစ္စရပ်များနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပြည်သူများနှင့် လက်တွဲဆောင်ရွက်ရေး မှာကြားပြီး မိသားစုဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် ပေါင်းတည်မြို့နယ် ကျူတောကန်ကျေးရွာ ကွင်းအမှတ် ၁၀၉၃ ၌ကျင်းပသော မိုးစပါး စုပေါင်းထွန်ယက်စိုက်ပျိုးပွဲသို့ တက်ရောက်အားပေးကြသည်။

စိုက်ပျိုးရန်စီစဉ်

အဆိုပါစိုက်ပျိုးပွဲတွင် ပေါင်းတည်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးကိုကိုလွင်က ကျူတောကန်ကျေးရွာအုပ်စု တစ်ခုလုံး မိုးစပါးစိုက်ပျိုးဧက ၉၂၂ ရှိပြီး စိုက်ဧကအားလုံး အပြည့်အဝစိုက်ပျိုးပြီးစီးမှု၊ မြို့နယ်တစ်ခုလုံး လျာထားဧက ၉၁၀၀၀ အနက် ၅၆၅၆၆ ဧက စိုက်ပျိုးပြီးစီးမှု၊ ကျန်ဧကများ ဆက်လက်စိုက်ပျိုးရန် စီစဉ်ဆောင်ရွက်ထားမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ကြိုးပမ်းဆောင်ရွက်

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက လျာထားချက် စိုက်ဧက အချိန်မီပြီးစီးအောင် ကြိုးပမ်းဆောင်ရွက်ရေး မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် ကောက်စိုက်သမများ မိုးစပါး စုပေါင်းစိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးကြသည်။

ပဲခူးတိုင်း(အနောက်ပိုင်း) တစ်ခုလုံးတွင် မိုးစပါးစိုက်ပျိုးရန် ဧက ၁၂ သိန်းခွဲ လျာထားသည့်အနက် ဧက လေးသိန်းငါးသောင်း စိုက်ပျိုးပြီးဖြစ်ကာ စိုက်ပျိုးရန်ကျန်ရှိနေသေးသော ဧကများကို ရာသီကုန်အမီပြီးစီးအောင် ဆက်လက်စိုက်ပျိုးသွားရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် ပေါင်းတည်မြို့မှ ရန်ကုန်မြို့သို့ ဆက်လက်ထွက်ခွာလာကြကာ ရန်ကုန်-ပြည်လမ်းတစ်လျှောက် အောင်မြင်ဖြစ်ထွန်းနေသော မိုးစပါးခင်းများကို မော်တော်ယာဉ်ပေါ်မှ ကြည့်ရှုစစ်ဆေးခဲ့သည်။ **(သတင်းစဉ်)**

ဒေးဒရဲမြို့နယ်အသင်း ဝါဆိုသင်္ကန်းဆက်ကပ်မည်

ရန်ကုန် ဇူလိုင် ၁၅

ဒေးဒရဲမြို့နယ်အသင်း(ရန်ကုန်)၏ ဝါဆိုသင်္ကန်းကပ်လှူပွဲနှင့် နိုင်ငံတော်ကဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရတော်မူသော ဒေးဒရဲဇာတိဖွား ဆရာတော်သံဃာတော်များနှင့် သီလရှင်ဆရာကြီးတို့အား ဂုဏာဝိသိဋ္ဌပူဇာသဘင်ကို ဩဂုတ် ၅ ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီခွဲတွင် ဒေးဒရဲမြို့နယ်အသင်း ဓမ္မာရုံကျောင်းတော်ကြီး အမှတ် ၅၇ အာဇာနည်လမ်း မင်္ဂလာမဏ္ဍိုင်ကျောင်းတိုက်ဝင်း ဗဟန်းမြို့နယ်တွင် ကျင်းပမည်ဖြစ်သည်။

လှူဒါန်းနိုင်

ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဦးမျိုးလွင် ဖုန်း-၅၄၄၂၇၃၊ ဒေါ်ခင်စောလှ ဖုန်း-၅၀၀၁၆၁၊ ဦးစိုးသိန်း ဖုန်း-၀၉-၅၁-၃၆၇၉၈နှင့် ဦးဇော်လွင် ဖုန်း-၀၉-၈၀-၃၁၇၄၈ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

မြန်မာ့အလင်း စာတည်းထံပေးစာများ

စာတည်းထံပေးစာ ပေးပို့လိုပါက အမည်၊ နေရပ်လိပ်စာ အပြည့်အစုံ ရေးသား၍ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ ပူးတွဲကာ စာတည်းထံပေးစာကဏ္ဍ၊ မြန်မာ့အလင်းသတင်းစာတိုက်၊ အမှတ် ၅၃၊ နတ်မောက်လမ်းသွယ်(၁)၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့သို့ လိပ်မူပြီး ပေးပို့နိုင်ပါသည်။ ။

လက်ဖက်ရည်ဆိုင်မှ ဆောင်းဘောက်သံ နားမခံသာ

စာတည်းခင်ဗျား-

ကျောက်ဆည်မြို့ တံတားလည်ရပ်ကွက် ညောင်ပင်ကြီးအနီးရှိ လက်ဖက်ရည်ဆိုင်မှ တီဗွီအောက်စက်နှင့်တွဲ၍ ဗွီစီဒီသီချင်းခွေနှင့် ဇာတ်လမ်းများကို ဆောင်းဘောက်များဖြင့် ကျယ်လောင်စွာဖွင့်နေပါ၍ ပတ်ဝန်းကျင်နေသူများ နားမခံသာ ဖြစ်ရပါသောကြောင့် ကြပ်မတ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

နားမခံနိုင်သူများ

မုန့်ညင်း၊ မုန်လာပုပ်နံ့မခံနိုင်

စာတည်းရှင့်-

မန္တလေးမြို့ အောင်မြေသာစံမြို့နယ် အမှတ်(၆၇)ရပ်ကွက် ၈၆ x ၈၇ ကြား ၁၂ လမ်း လမ်းမပေါ်ရှိ မုန်ညင်းချဉ်လုပ်ငန်းမှ ထွက်ရှိသော မုန်ညင်းပုပ်နံ့နှင့် မုန်လာဥပုပ်နံ့များကြောင့် ပတ်ဝန်းကျင်နေထိုင်သူများ အနှောင့်အယှက်ဖြစ်ရပါ၍ ကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။

ကျန်းမာရေးထိခိုက်သူ

အမှိုက်ပုံ ရှင်းလင်းပေးပါ

စာတည်းခင်ဗျား-

ရန်ကုန်တိုင်း လှိုင်သာယာမြို့နယ် အမှတ်(၇)ရပ်ကွက် ပိတောက်မြိုင်ဈေးတာဝန်ခံ ရုံးခန်းအနီး အမှိုက်ပုံမှထွက်သော အနံ့ဆိုးများကြောင့် ကျန်းမာရေးထိခိုက်ရပါသဖြင့် အမှိုက်ပုံအား မှန်မှန်သိမ်းဆည်းပေးပါရန် သက်ဆိုင်ရာသို့ တင်ပြအပ်ပါသည်။

အနံ့မခံနိုင်သူ

သံပြားများထုရိုက်သံ ကြပ်မတ်ပေးစေလို

စာတည်းခင်ဗျား-

မှော်ဘီမြို့နယ် ဆတ်သွားတောကျေးရွာ ပေတစ်ရာ တောင်ပိုင်းရှိ သံသေတ္တာလုပ်ငန်းမှ ဆူညံသံများကြောင့် ပတ်ဝန်းကျင်တွင် နေထိုင်သူများ နားမခံနိုင်အောင် ဖြစ်ကြပါ၍ ကြပ်မတ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

ခံစားနေရသူများ

ရေစီးရေလာကောင်းမွန်ရေး ပြုပြင်ပေးပါ

စာတည်းခင်ဗျား-

ဗဟန်းမြို့နယ် အရှေ့ရွှေဂုံတိုင်လမ်း ခြောက်ထပ်ကြီးဘုရားမှတ်တိုင် လမ်းဘေးဝဲယာတစ်လျှောက်ရှိ ရေမြောင်းများတွင် စည်းကမ်းမဲ့စွန့်ပစ်သည်များ၏ အမှိုက်များ စွန့်ပစ်မှုကြောင့် ရေများလျှံကာ ခရီးသွားများ အခက်အခဲတွေ့ကြရပါသည်။

သို့ပါ၍ အဆိုပါရေမြောင်းကြီးကို ရေစီးရေလာကောင်းမွန်ရေးအတွက် သက်ဆိုင်ရာမှ ပြုပြင်ပေးပါရန် တင်ပြအပ်ပါသည်။

ရွှေဂုံတိုင်သား

မီးခိုးမှိုင်းများထုတ်လွှတ်မှု ရှင်းလင်းပြီးစီး

၁၁-၆-၂၀၀၇ ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ **မော်လမြိုင်မြို့ မြိုင်သာယာရပ်ကွက် ၂ လမ်း ခြံတစ်ခြံရှိ ကွမ်းသီးပေါင်းအလုပ်ရုံမှ မီးခိုးမှိုင်းများ ထုတ်လွှတ်မှု** ပေးစာနှင့်ပတ်သက်၍ ရှင်းလင်းဆောင်ရွက်ပြီးစီးကြောင်း ဖော်ပြအပ်ပါသည်။

မြို့နယ်စည်ပင်သာယာရေးအဖွဲ့

ပီပါခွံ ပိုးသတ်ဆေးကြောင့် ကျန်းမာရေးထိခိုက်မှု ရှင်းလင်းပြီး

၂၁-၅-၂၀၀၇ ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ **မရမ်းကုန်းမြို့နယ် (၁)ရပ်ကွက် ဘုရင့်နောင်ပွဲရုံတန်း ကံ့ကော်လမ်းသွယ် ၄ လမ်းထိပ်ရှိ ပီပါခွံများမှ ပိုးသတ်ဆေးနံ့ကြောင့် ကျန်းမာရေးထိခိုက်** ပေးစာနှင့်ပတ်သက်၍ ဆောင်ရွက်ပြီးစီးကြောင်း ဖော်ပြအပ်ပါသည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ဇာထိုးပန်းစက်သံနှင့်ပတ်သက်၍ ဆောင်ရွက်ပြီးစီး

၇-၅-၂၀၀၇ ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ **ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် (၁၁၀)ရပ်ကွက် တက္ကသိုလ်ရိပ်မွန်အိမ်ရာ တိုက်(ဘီ)ရှိ အခန်းတစ်ခန်းတွင် ဇာထိုးပန်းစက်သံ နားမခံနိုင်** ပေးစာနှင့်ပတ်သက်၍ ဆောင်ရွက်ပြီးစီးကြောင်း ဖော်ပြအပ်ပါသည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ အုပ်စုနောက်ဆုံးနေ့ ယှဉ်ပြိုင် အလုပ်သမားနှင့် ရထားပို့ဆောင်ရေးတို့ အနိုင်ရရှိ

နေပြည်တော် ဇူလိုင် ၁၅

အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းစီစဉ်ကျင်းပသည့် ၂၀၀၇ ခုနှစ် ပထမအကြိမ် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ပထမဆင့် အုပ်စုပြိုင်ပွဲ ပွဲစဉ်များကို ယနေ့နံနက်ပိုင်းနှင့် ညနေပိုင်းတို့တွင် ပျဉ်းမနားမြို့ ပေါင်းလောင်းအားကစားကွင်း၌ အုပ်စုနောက်ဆုံးနေ့ပွဲစဉ်အဖြစ် ဆက်လက်ကျင်းပသည်။

ပေါင်းလောင်းအားကစားကွင်း

နံနက် ၇ နာရီခွဲပွဲ (ဈ) အုပ်စု

အလုပ်သမားဝန်ကြီးဌာန	**၂၃ ဂိုး။**
ဆောက်လုပ်ရေးဝန်ကြီးဌာန	**ဂိုးမရှိ။**

ပေါင်းလောင်းအားကစားကွင်း

ညနေ ၄ နာရီပွဲ (ဈ) အုပ်စု

ရထားပို့ဆောင်ရေးဝန်ကြီးဌာန	**ရှစ်ဂိုး။**
အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန	**ဂိုးမရှိ။**

ယင်းပြိုင်ပွဲသို့ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး သူရဦးသောင်းလွင်၊ ဒုတိယဝန်ကြီး ဦးဖေသန်းနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့မှ တာဝန်ရှိသူများ၊ အားကစားဝါသနာရှင်များ တက်ရောက်အားပေးချီးမြှင့်ကြသည်။

ဒုတိယအဆင့်

ဇူလိုင် ၁၇ရက် **(အင်္ဂါနေ့)** ညနေ ၄ နာရီတွင် ဒုတိယအဆင့်အုပ်စုပြိုင်ပွဲ ပွဲစဉ်များကို ပျဉ်းမနားမြို့ ပေါင်းလောင်းအားကစားကွင်း၌ (ကက)အုပ်စုမှ အမှတ်(၁)စက်မှု ဝန်ကြီးဌာန အသင်းနှင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန အသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ **(က–ပ)**

ရထားပို့ဆောင်ရေးဝန်ကြီးဌာန အသင်းနှင့် အမှတ်(၂) လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။ (သတင်းစဉ်)

မြောက်ဥက္ကလာ အထက(၁) ကျောင်းသားဟောင်းများ အဌမအကြိမ် ဝါဆိုသင်္ကန်းကပ်လှူပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၁၅

ရန်ကုန်တိုင်း မြောက်ဥက္ကလာပမြို့နယ် အထက(၁) ကျောင်းသားကျောင်းသူဟောင်းများ၏ အဌမအကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီက ဇမ္ဗူအေးကျောင်းတိုက် မြတ်မင်္ဂလာကျောင်း၌ ကျင်းပသည်။

ဆက်ကပ်

အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဖွင့်လှစ်ပြီး ပဓာနနာယကဆရာတော် သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တသြဘာသထံမှ ငါးပါးသီလခံယူဆောက်တည်ပြီး ပရိတ်တရားတော်များ နာယူကြသည်။ ထို့နောက် ဝါဆိုသင်္ကန်းကပ်လှူရခြင်းနှင့် အထောက်အကူပြု ငွေပဒေသာပင်စိုက်ထူရခြင်း အကြောင်းကို ဥက္ကဋ္ဌ အဂ္ဂမဟာသီရိသုဓမ္မ မဏိဇောတဓရ ဦးအောင်ကြည်မြင့်က ရှင်းလင်းလျှောက်ထားပြီး ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူဟောင်းများက ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုများကို ဆရာတော်သံဃာတော်များထံ ဆက်ကပ်လှူဒါန်းကြသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ နှစ်စဉ်ဝါဆိုသင်္ကန်းကပ်လှူပွဲ အထောက်အကူပြု ငွေပဒေသာပင်များ စိုက်ထူလှူဒါန်းကြရာ အလှူရှင် အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ ဦးအောင်ကြည်မြင့် ဇနီး ဒေါ်စန်းကြည်(ခ)ဒေါ်မြစမ်းကြည် မိသားစုတို့က ငွေကျပ် ၁၁၀၀၀၀ အပါအဝင် စုစုပေါင်းကျပ် ၇၅၅၅၀၀ တို့ကို အလှူရှင် မိသားစုနှင့် မြို့နယ်ပညာရေးမှူး ဦးစိန်ဝင်းတို့က ပေးအပ်လှူဒါန်းကြရာ နာယကဆရာဦးရဲဒင်က လက်ခံရယူပြီး ပဓာနနာယကဆရာတော်ထံမှ ရေစက်ချ အနုမောဒနာတရားနာယူကြပြီး ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။

(မြန်မာ့အလင်း)

အကြိမ်(၂၀)မြောက် ပြည်နယ်နှင့်တိုင်း စားပွဲတင်တင်းနစ်ပြိုင်ပွဲ အမျိုးသား ၁၃ သင်းနှင့် အမျိုးသမီး ၁၀ သင်း ပါဝင်ယှဉ်ပြိုင်လျက်ရှိ

ရန်ကုန် ဇူလိုင် ၁၅

အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ စားပွဲတင်တင်းနစ်အဖွဲ့ချုပ်တို့ ကြီးမှူးကျင်းပသည့် အကြိမ်(၂၀)မြောက် ပြည်နယ်နှင့်တိုင်း စားပွဲတင်တင်းနစ်ပြိုင်ပွဲဖွင့်ပွဲကို ယနေ့နံနက် ၉ နာရီက အောင်ဆန်းအားကစား ပြိုင်ဝင်းရှိ မိုးလုံလေလုံ အားကစားရုံ၌ ကျင်းပရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက် တက်ရောက် အမှာစကားပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ယှဉ်ပြိုင်

အမျိုးသားပြိုင်ပွဲတွင် ပြည်နယ်နှင့်တိုင်းများမှ အသင်းပေါင်း ၁၃ သင်းအား အုပ်စုလေးစုခွဲ၍ ယှဉ်ပြိုင်စေရာ (က)အုပ်စုတွင် ရန်ကုန်တိုင်း၊ စစ်ကိုင်းတိုင်းနှင့် ကယားပြည်နယ်၊ (ခ)အုပ်စုတွင် ဧရာဝတီတိုင်း၊ ကရင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်၊ (ဂ)အုပ်စုတွင် မကွေးတိုင်း၊ ချင်းပြည်နယ်နှင့် ပဲခူးတိုင်း၊ (ဃ)အုပ်စုတွင်မွန်ပြည်နယ်၊ တနင်္သာရီတိုင်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် ကချင်ပြည်နယ်တို့ ပါဝင်ကြသည်။

အမျိုးသမီးပြိုင်ပွဲတွင် ပြည်နယ်နှင့်တိုင်းများမှ အသင်းပေါင်း ၁၀ သင်း အုပ်စုလေးစုခွဲ၍ ယှဉ်ပြိုင်စေရာ (က) အုပ်စုတွင် ရန်ကုန်တိုင်းနှင့် ကရင်ပြည်နယ်၊ (ခ)အုပ်စုတွင် ဧရာဝတီတိုင်း၊ကချင်ပြည်နယ်နှင့်စစ်ကိုင်းတိုင်း၊ (ဂ)အုပ်စုတွင် မွန်ပြည်နယ်၊ မန္တလေးတိုင်းနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ (ဃ)အုပ်စုတွင် ပဲခူးတိုင်းနှင့် မကွေးတိုင်းအသင်းတို့ ပါဝင်ယှဉ်ပြိုင်ကြသည်။

အခြေအနေ

ယနေ့ပြိုင်ပွဲတွင် အမျိုးသားပွဲစဉ် ၁၂ပွဲနှင့် အမျိုးသမီးပွဲစဉ် ရှစ်ပွဲ စုစုပေါင်းပွဲ ၂၀ ကျင်းပသွားသည်။

ပြိုင်ပွဲအပြီးတွင် မြန်မာ့အလင်း သတင်းအဖွဲ့သည် မြန်မာနိုင်ငံစားပွဲတင်တင်းနစ်အဖွဲ့ချုပ် အတွင်းရေးမှူး ဦးဝင်းနိုင်၊လက်ရှိချန်ပီယံ ရန်ကုန်တိုင်း အသင်း အမျိုးသားနည်းပြ ဦးလှမျိုးခိုင် (ဘဏ္ဍာ/အခွန်)တို့နှင့်တွေ့ဆုံ၍ ပြိုင်ပွဲကျင်းပရခြင်း ရည်ရွယ်ချက်၊ ပါဝင်ယှဉ်ပြိုင်မှု အခြေအနေများကို မေးမြန်း၍ ရေးသားဖော်ပြအပ်ပါသည်။

မြန်မာနိုင်ငံစားပွဲတင်တင်းနစ်အဖွဲ့ချုပ်အတွင်းရေးမှူး ဦးဝင်းနိုင်က **“မိမိတို့ ယခုလို ပြိုင်ပွဲကျင်းပရခြင်းမှာ စားပွဲတင် တင်းနစ်အားကစားနည်း ပြည်နယ်နှင့် တိုင်းအသီးသီးသို့ စိမ့်ဝင်ပျံ့နှံ့အောင် ရည်ရွယ်၍လည်းကောင်း၊ မျိုးဆက်သစ် အားကစားသမားများ ပေါ်ထွန်းလာရေးနှင့် စားပွဲတင်တင်းနစ် အားကစားအဆင့်အတန်း မြင့်မားလာစေပြီး နိုင်ငံတော် အတွက် အားထားရမည့် လက်ရွေးစင် အားကစားသမားများ ပေါ်ထွက်လာရေးအတွက် ယခုလို ပြိုင်ပွဲများကျင်းပပေးခြင်းဖြစ်ကြောင်း”** မြန်မာ့အလင်းသို့ ရှင်းပြသည်။

ရန်ကုန်တိုင်း အမျိုးသားအသင်း နည်းပြဆရာ ဦးလှမျိုးခိုင်က **“မိမိတို့ ယခုပြိုင်ပွဲတွင် အမျိုးသားငါးဦး၊ အမျိုးသမီးငါးဦး စုစုပေါင်း ၁၀ ဦး ပါဝင်ယှဉ်ပြိုင်လျက်ရှိကြောင်း၊ မိမိတို့ လက်ရှိ ငါးနှစ်ဆက်တိုက် ပထမရရှိထားသည့် အသင်းဖြစ်ပြီး ယခု ခြောက်နှစ်ဆက်တိုက် ပထမရရှိရန် အထူးအားခဲထားကြောင်း၊ ယခုနှစ် ပြိုင်ပွဲ၏ ထူးခြားချက်မှာ အဖွဲ့ချုပ် အနေဖြင့် လက်ရွေးစင်ဟောင်းနှင့် လက်ရွေးစင် ကစားသမားများပါဝင် ခွင့်ပြုထားရာ ပြည်နယ်နှင့်တိုင်း အသီးသီးမှ ပါဝင်ယှဉ်ပြိုင်သည့် စားပွဲတင် တင်းနစ် အားကစားသမားများ နည်းစနစ်၊ နည်းပညာများရယူနိုင်ကြောင်း၊ ယခုပြိုင်ပွဲတွင် မိမိသည် နည်းပြအပြင် ကိုယ်တိုင်လဲ ပါဝင်ကစားသွားမှာဖြစ်ကြောင်း”** မြန်မာ့အလင်းသို့ ရှင်းပြသွားသည်။

ပါဝင်

ပြိုင်ပွဲတွင် အမျိုးသား၊ အမျိုးသမီး အသင်းလိုက်ပြိုင်ပွဲ၊ တစ်ဦးချင်းးပြိုင်ပွဲ၊ အမျိုးသားနှစ်ယောက်တွဲပြိုင်ပွဲ၊ အမျိုးသမီး နှစ်ယောက်တွဲပြိုင်ပွဲ၊ အမျိုးသား အမျိုးသမီးနှစ်ယောက်တွဲ ပြိုင်ပွဲ၊ အသက် ၁၈ နှစ်အောက် အမျိုးသားတစ်ဦးချင်းနှင့် အမျိုးသမီး တစ်ဦးချင်းပြိုင်ပွဲများပါဝင်သည်။

ကျင်းပ

အကြိမ်(၂၀)မြောက် ပြည်နယ်နှင့်တိုင်း စားပွဲတင်တင်းနစ်ပြိုင်ပွဲများကို ဇူလိုင် ၁၅ ရက်မှ ၂၁ ရက်အထိ နေ့စဉ်နံနက် ၉ နာရီမှ စတင်ကျင်းပလျက်ရှိရာ စားပွဲတင်တင်းနစ် အားကစား ဝါသနာရှင်များ အခမဲ့ လာရောက်ကြည့်ရှု အားပေးနိုင်ကြောင်း သတင်းစကားပါး ရေးသားဖော်ပြအပ်ပါသည်။ ။

(မြန်မာ့အလင်း)

သတင်းမြင်ကွင်းနှင့်ဓာတ်ပုံ-သိန်းဝင်းလေး (မြန်မာ့အလင်း)

အဖွဲ့ချုပ် အတွင်းရေးမှူး ဦးဝင်းနိုင်က “ယခုလိုပြိုင်ပွဲကြီးကျင်းပရခြင်းမှာ စားပွဲတင်တင်းနစ် အားကစားနည်း ပြည်နယ်နှင့်တိုင်း အသီးသီးသို့ စိမ့်ဝင်ပျံ့နှံ့အောင်ရည်ရွယ်၍ ဤပြိုင်ပွဲကျင်းပရခြင်း ဖြစ်ကြောင်း” မြန်မာ့အလင်းသို့ ရှင်းပြသည်။ (မြန်မာ့အလင်း)

ရန်ကုန်တိုင်း နည်းပြဆရာ လှမျိုးခိုင်က “ ပြိုင်ပွဲ၏ ထူးခြားချက်မှာ အဖွဲ့ချုပ်အနေဖြင့် လက်ရွေးစင်ဟောင်းနှင့် လက်ရွေးစင်များ ပါဝင်ကစားခွင့်ပြုထားသဖြင့် ကစားသမားများ နည်းစနစ် နည်းပညာများ ရယူသွားနိုင်ကြောင်း” မြန်မာ့အလင်းသို့ ရှင်းပြခဲ့သည်။ (မြန်မာ့အလင်း)

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက် အဖွင့်အမှာစကား ပြောကြားစဉ်။ (မြန်မာ့အလင်း)

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ပြည်မြို့၊ ခေတ္တရာမြို့သစ်၊ အနောက်မြို့ပတ် ၉ လမ်းနေ
(ဦးသက်တင်)–ဒေါ်ခင်မြဝင်းတို့၏သားထွေး

မောင်ရန်နောင်
LL.B, Dip:CA

နှင့်

ကျောက်ဆည်မြို့၊ ဘိလပ်မြေစက်ရုံဝင်းနေ
ဦးတင်ငွေ(လက်ထောက်စက်ရုံမှူး၊ဘိလပ်မြေစက်ရုံ)–ဒေါ်ကြည်ကြည်အေး
တို့၏သမီးကြီး

မတင်ဝါဝါလင်း
B.Sc(Maths), A.G.T.I(E.C)

တို့သည် ၁၇–၆–၂၀၀၇ ရက်တွင် ရန်ကုန်မြို့၊ ကမ္ဘာအေးဘုရားလမ်း၊ အမှတ် ၅၈ (B) နေအိမ်တွင် နှစ်ဖက်သော မိဘဆွေမျိုးများနှင့် ဂုဏ်သရေရှိလူကြီးမင်းများရှေ့မှောက်တွင် စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်ရန်နောင်–မတင်ဝါဝါလင်း။

(၁)နှစ်ပြည့် မွေးနေ့ဆုတောင်း

ရန်ကုန်မြို့နေ ဘိုးဘိုး ဦးသိန်းဦး–ဘွားဘွား ဒေါ်တင်တင်နွဲ့၊ မုံရွာမြို့နေ ဘိုးဘိုး ဦးသောင်းစိန်–ဘွားဘွား ဒေါ်အမာကြည် တို့၏မြေးဦး၊ ဖေဖေ ဦးရဲမြင့်နိုင်–မေမေ ဒေါ်သီဂီစိန်တို့၏ သမီးဦးရတနာ

အင်ကြင်းခိုင် (၁) အာဂူး ရဲ့

၁၆–၇–၂၀၀၇ ရက်တွင် ကျရောက်သော (၁)နှစ်မြောက်မွေးနေ့မှသည် နောင်နှစ်ပေါင်းရာကျော်တိုင် ချစ်သော ဘိုးဘိုး ဘွားဘွား၊ ဖေဖေ မေမေ တို့နှင့်အတူ ဘဝခရီးလမ်းကို ပျော်ရွှင်စွာ လျှောက်လှမ်းနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်–

နှစ်ဖက်သော ဘိုးဘိုး၊ ဘွားဘွားများနှင့်
ဖေဖေ ဦးရဲမြင့်နိုင်နှင့် မေမေ ဒေါ်သီဂီစိန်။

ချိပ်ပိတ်တင်ဒါ ခေါ်ယူခြင်း

၁။ အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) သိပ္ပံပစ္စည်းအလုပ်ရုံတွင် အသုံးပြုရန်အတွက် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ မြန်မာကျပ်ငွေဖြင့် အောက်ဖော်ပြပါ ပစ္စည်းများ ဝယ်ယူလိုပါသည်–

၁။	Machine Tools	(၁၃)မျိုး
၂။	ကုန်ကြမ်းပစ္စည်း	(၆၉)မျိုး
၃။	ထုပ်ပိုးပစ္စည်း	(၁၁)မျိုး
၄။	Grinding Powder ပစ္စည်း	(၆)မျိုး
၅။	Computerနှင့် ဆက်စပ်ပစ္စည်း	(၁)စုံ
၆။	Oxygen Gas Generator	(၁)စုံ

၂။ အဆိုပါ ချိပ်ပိတ်ဈေးနှုန်းလွှာများကို ၂၆–၇–၂၀၀၇ (ကြာသပတေးနေ့) ၁၆:၀၀ နာရီ နောက်ဆုံးထား၍ အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်)၊ သိပ္ပံပစ္စည်းအလုပ်ရုံ ချိပ်ပိတ်ဈေးနှုန်းလွှာ စိစစ်လက်ခံရေးအဖွဲ့ ရုံးခန်းသို့ အရောက်ပေးပို့တင်သွင်းရမည် ဖြစ်ပါသည်။

၃။ အသေးစိတ် အချက်အလက်များကို အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်)၊ သိပ္ပံပစ္စည်းအလုပ်ရုံနှင့် တယ်လီဖုန်းအမှတ်– ၆၆၃၁၈၉ သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

ပစ္စည်းဝယ်ယူရေးအဖွဲ့
သိပ္ပံပစ္စည်းအလုပ်ရုံ
အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်)

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃ခ/၂၉၁၆ Toyota Celsior/ SIL(4x2) ယာဉ်လက်ဝယ်ရှိသူ ဦးသိန်းလွင်(ခ)လှလွင် မှတ်ပုံတင်အမှတ် ၁၂/ပဘတ (နိုင်)၀၂၅၇၆၀ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန(အရှေ့ပိုင်းခရိုင်ရုံး)
ရန်ကုန်မြို့။

ညောင်ဦးမြို့ဈေးပွဲတော်

ကုန်စည်ပြပွဲနှင့်ပျော်ပြေရေးပွဲတော်ကြီး

အောင်မင်္ဂလာရုံတော်ကြီး ဇူလိုင် (၂၁) မှ ဇူလိုင် (၂၇) အထိ

ဆိုင်ခန်းဖွင့်လိုသူများဆက်သွယ်ရန် ☎ - ၃၈၈၀၄၅ ၊ ၇၂၅၅၁၀

ဦးအောင်ဟိန်းကျော် -Translation သီးသန့်တန်းဖွင့်ပြီ
အင်္ဂလိပ်စကားပြော • အလွတ်မကျက်ဘဲပြောတတ်ရမည်
• နိုင်ငံခြားသားများနှင့်လေ့ကျင့်သည်
အင်္ဂလိပ်စာ ရေးနည်း • အခြေခံမှစ၍ရေးတတ်အောင်သင်သည်
၁၈၂ ဆိပ်ကမ်းသာလမ်းအလယ်၊ရန်ကုန်။ 392468, 095171841

ဝယ်ယူလိုပါသလား / ရောင်းလိုပါသလား
လူကြီးမင်းတို့ထံမှ မော်ဒယ်အနိမ့် တီဗွီအဟောင်းများကို မော်ဒယ်အမြင့် တီဗွီအသစ်များဖြင့် လဲလှယ်လိုပါသလား
ရွှေပြေ တီဗွီ၊ရေခဲသေတ္တာ ရောင်းဝယ်ရေး
အမှတ်(၂၃၄)၊ဘားလမ်း(အထက်ဘလောက်)၊ရန်ကုန်မြို့။
Ph:378113,372404,09-51-39877 သို့အရောက်ကြွလှမ်းခဲ့ပါ။
Auto Voltage TV အဟောင်းများကိုလည်း(၃)နှစ်အာမခံဖြင့်လဲလှယ်ရောင်းချပေးနေပါပြီ

မှတ်သားဖွယ်ရာမိုးရေချိန် ၁၅–၇–၂၀၀၇

ကျောက်ဖြူ	၅ ဒသမ ၉၅ လက်မ
စစ်တွေ	၅ ဒသမ ၀၈ လက်မ
ဗိ	၄ ဒသမ ၃၃ လက်မ
သံတွဲ	၃ ဒသမ ၂၆ လက်မ
မော်လမြိုင်	၂ ဒသမ ၆၈ လက်မ

RE GD.
တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်(ဆေးပြား) - ၀၇၀၉ YR ၀၄၈၁၅/ (ဆေးမှုန့်) - ၀၇၀၉ YR ၀၀၃၉၄
ထုတ်လုပ်ခွင့်လိုင်စင်အမှတ် ၈/၂၀၀၄၊တဆဆလ/တိုး(၅၄)
တဟျှပ်ဟျှပ်နဲ့ နှိပ်စက်ဂျအောင်ဆိုးနေတဲ့ချောင်း **ကွမ်းရွက်ပုံ** ဆေးကောင်း
ကွမ်းရွက်ပုံတိုင်းရင်းဆေးအား မည်သည့် မြို့ ရွာ များကိုမျှ မော်တော်ယာဉ်များဖြင့် လိုက်လံရောင်းချခြင်းမရှိပါကြောင်း သုံးစွဲသူ မိဘပြည်သူများနှင့် ရောင်းချသူများအား အထူးသတိပေး ပန်ကြားအပ်ပါသည်။
မြန်မာ့တိုင်းရင်းဆေးဖက်ဝင် စစ်မှန်သော ပရဆေးပစ္စည်းများဖြင့် ဖော်စပ်ထားသောကြောင့် အံ့သြလောက်အောင် အထူးပင် ဆေးစွမ်းထက်မြက်လှပါသည်။

ကျိုက်လတ်မြို့နယ်အသင်း ဝါဆိုသင်္ကန်းဆက်ကပ်မည်

ရန်ကုန် ဇူလိုင် ၁၅

ကျိုက်လတ်မြို့နယ်အသင်း(ရန်ကုန်)က ကြီးမှူး ကျင်းပသော ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ဒုတိယဝါဆိုလဆန်း ၈ ရက် (ဇူလိုင် ၂၂ ရက်) တနင်္ဂနွေနေ့ နံနက် ၁၀ နာရီတွင် ရွှေတိဂုံဘုရားအရှေ့ဘက်မုခ်ရှိ ရေဝတီတိုင်း ဓမ္မာရုံမြို့၌ ဆက်ကပ်လှူဒါန်းမည်ဖြစ်၍ ကျိုက်လတ်မြို့နယ်သူ မြို့နယ်သားများ၊ အသင်းဝင်များသည် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြပါရန်နှင့် ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်း လှူဒါန်းလိုသူများသည် ဦးမောင်ညိမ်း ဖုန်း–၆၆၇၁၃၃၊ ဦးကျော်ရင် ဖုန်း–၅၆၀၅၂၀၊ ဦးအောင်ဆန်း ဖုန်း–၅၅၃၄၃၅၊ ဦးသိန်းလွင် ဖုန်း–၂၅၁၂၇၅၊ ဦးကျော်မြင့် ဖုန်း–၂၆၉၂၀၁ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲ အထူးရောင်းချပွဲ ၁၀ ရက်အတွင်း ကျောက်စိမ်းအတွဲ ၄၂၆၁ တွဲ ရောင်းချရ

ရန်ကုန် ဇူလိုင် ၁၅

မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီက ကြီးမှူးကျင်းပသော ၂၀၀၇ ခုနှစ် ဇူလိုင်လ ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲအထူးရောင်းချပွဲ ကျောက်စိမ်းအတွဲများကို ဈေးပြိုင်စနစ်ဖြင့် ဒသမနေ့အဖြစ် ယနေ့ နံနက် ၈ နာရီက ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်း စင်တာခန်းမ၌ ဆက်လက်ရောင်းချရာ ပြည်တွင်း ပြည်ပ ရတနာကုန်သည်ပေါင်း ၄၀၉၃ ဦး တက်ရောက်၍ တစ်ဦးနှင့်တစ်ဦး အပြိုင်အဆိုင် ဝယ်ယူကြရာ မြန်မာကွန်ဗင်းရှင်းစင်တာ ခန်းမကြီး တစ်ခုလုံး ပြည့်လျှံသွားသည်။

ဆက်လက်ရောင်းချ

၂၀၀၇ ခုနှစ် ဇူလိုင်လကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲအထူးရောင်းချပွဲ ကျောက်စိမ်းအတွဲများကို ဈေးပြိုင်စနစ်ဖြင့် နံနက် ၈ နာရီမှ ညနေ ၄ နာရီအထိ ကျောက်စိမ်း အတွဲပေါင်း ၄၅ တွဲ ရောင်းချခဲ့ရသည်။ ကျန်ရှိသော ကျောက်စိမ်းအတွဲများကို ညပိုင်းအထိ ဆက်လက် ရောင်းချလျက်ရှိသည်။

အဆိုပါ ၂၀၀၇ ခုနှစ် ဇူလိုင်လ ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲအထူးရောင်းချပွဲအစီအစဉ်အရ ကျောက်စိမ်းအတွဲများကို တင်ဒါစနစ်၊ ဈေးပြိုင်စနစ်တို့ဖြင့် ဇူလိုင် ၆ ရက်မှ ယနေ့ညနေပိုင်းအထိ ၁၀ရက်အတွင်း ကျောက်စိမ်းအတွဲပေါင်း ၄၂၆၁ တွဲကို ရောင်းချခဲ့ရသည်။

ဈေးပြိုင်စနစ်

ကျန်ရှိသော ကျောက်စိမ်းအတွဲများကို ဇူလိုင် ၁၆ ရက်တွင် ဈေးပြိုင်စနစ်ဖြင့် ဆက်လက်ရောင်းချသွားမည်ဖြစ်သည်။

(သတင်းစဉ်)

ဇူလိုင် ၁၅ ရက်က အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း လသာမြို့နယ်၌ ကျောင်းနှင့်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးနေ့ အထိမ်းအမှတ်အဖြစ် ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာမများ၊ ကျောင်းသူများ သစ်ပင်ပန်းပင်များ စိုက်ပျိုးကြစဉ်။
(က–ပ)

ဆုထူးပန် ခုနစ်ရက်တရားစခန်းဖွင့်မည်

ရန်ကုန် ဇူလိုင် ၁၅

နိုင်ငံတော် ထေရဝါဒဗုဒ္ဓသာသနာပြု သြဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဆုထူးပန်ဆရာတော်ကြီးနှင့် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်ကထိက သာသနတက္ကသီလ ဓမ္မာစရိယ(B.A)၊ မဟာဓမ္မာစရိယ (M.A) အရှင်ကုဇ္ဇမလ တို့က ရန်ကုန်တိုင်း သန်လျင်မြို့ အောင်ချမ်းသာ ၃ရပ်ကွက် ဆုထူးပန် ဝါးတောမြတ်မွန်ဝေဠုဝန် ဓမ္မရိပ်သာကြီး၌ ဒုတိယဝါဆိုလဆန်း ၅ ရက် (ဇူလိုင် ၁၉ ရက်) ကြာသပတေးနေ့မှစ၍ ဒုတိယဝါဆိုလဆန်း ၁၁ ရက် (ဇူလိုင် ၂၅ ရက်) ဗုဒ္ဓဟူးနေ့အထိ သတိပဋ္ဌာန်တရားတော်များကို ဟောပြောပြသမည်ဖြစ်၍ တရားစခန်းဝင်လိုသူများ ဖုန်း– ၀၁–၅၄၅၉၈၀၊ ၀၅၆–၂၁၉၂၆၊ ၀၉၅–၁၂၀၈၆၅ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပြီး အခမဲ့တရားစခန်းဝင်နိုင်ကြောင်း သိရသည်။ **(က–ပ)**

မြန်မာ့အလင်း အင်တာနက် ဖောင်ပိတ်သတင်း

ဂျပန်၌ မုန်တိုင်းထပ်မံတိုက်ခတ်၊ လေးဦးသေဆုံး

တိုကျို ဇူလိုင် ၁၅

ဂျပန်နိုင်ငံ တိုကျိုမြို့တောင်ဘက်ဒေသများ၌ ဇူလိုင် ၁၅ ရက်က အင်အားပြင်းထန်သော မုန်တိုင်းတစ်ခု ထပ်မံဝင်ရောက်တိုက်ခတ်ခဲ့ရာ လူလေးဦး သေဆုံးပြီး အများအပြားဒဏ်ရာရရှိခဲ့ကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။

မိုးသည်းထန်

အဆိုပါမုန်တိုင်းသည် တစ်နာရီလျှင် မိုင် ၉၀ နှုန်း တိုက်ခတ်ခဲ့ပြီး မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ဖူကူရှီးမားပြည်နယ်မြောက်ပိုင်းဒေသများ၌ ရေလွှမ်းမှုနှင့် မြေပြိုမှုများဖြစ်ပွားခဲ့ကြောင်း ၎င်းသတင်း၌ ဖော်ပြသည်။

ပါကစ္စတန်၌ ဗုံးခွဲတိုက်ခိုက်၊ ၃၈ ဦးသေဆုံး၊ ၃၉ ဦးဒဏ်ရာရ

ပီရှာဝါ ဇူလိုင် ၁၅

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်းတွင် ဇူလိုင် ၁၅ ရက်က စစ်ယာဉ်တန်းတစ်ခုနှင့် ရဲတပ်ဖွဲ့ဌာနချုပ်တို့ကို ဗုံးခွဲတိုက်ခိုက်ရာ စုစုပေါင်း ၃၈ ဦး သေဆုံးသွားကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။

သေဆုံး

အခင်းဖြစ်ပွားမှုများမှာ ပါကစ္စတန်နိုင်ငံ ဝါဇီရစ်စတန်မြို့အနီး ဒီရာအစ်မေးလ်ခန်အရပ်၌ ရှိသော ရဲတပ်ဖွဲ့ဌာနချုပ်ကို ဗုံးခွဲတိုက်ခိုက်သဖြင့် ရဲတပ်ဖွဲ့ဝင်နှင့် ပြည်သူ ၃၈ ဦး သေဆုံးသွားခဲ့သည်။

ဒဏ်ရာရ

ထို့အတူ ပါကစ္စတန်နိုင်ငံ ဖရွန်တီးနားပြည်နယ်၌ ပါကစ္စတန် စစ်ယာဉ်တန်းတစ်ခုကို ဗုံးခွဲတိုက်ခိုက်ရာ ပါကစ္စတန်တပ်ဖွဲ့ဝင် ၃၉ ဦး ဒဏ်ရာရရှိခဲ့ကြောင်း ၎င်းသတင်း၌ ဖော်ပြသည်။

သန်လျင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ဖားအောက်တောရကျောင်းအနီး ကြက်ဆူပင်စိုက်ခင်း၌ လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်ဦးလေး ဦးဆောင်သော အဖွဲ့ဝန်ထမ်းများ ကြက်ဆူပင်များ ပေါင်းရှင်းခြင်း၊ မြေဆွခြင်း၊ မြေသြဇာကျွေးခြင်းနှင့် ရှင်သန်ဖြစ်ထွန်းမှုမရှိသော အပင်နေရာတွင် ထပ်မံအစားထိုးစိုက်ပျိုးကြစဉ်။ (မြို့နယ်စည်ပင်)

ပေါင်မြို့နယ် ဖြူဘကျေးရွာ ရောင်နီထွန်းစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်

ပေါင် ဇူလိုင် ၂

မွန်ပြည်နယ် ပေါင်မြို့နယ် ဖြူဘကျေးရွာ ရောင်နီထွန်းစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲကို ဇွန် ၂၂ရက် နံနက် ၉နာရီက အဆိုပါစာကြည့်တိုက် အဆောက်အအုံရှေ့၌ ကျင်းပသည်။

အခမ်းအနားသို့ သထုံခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ဦးစီးအရာရှိ ဦးစိုးညွန့်၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ အတွင်းရေးမှူး ဒေါ်ခိုင်ဇင်ဦး၊ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ချို မြတ်မြတ်ထွေးနှင့်ဝန်ထမ်းများ၊ကျေးရွာ စာကြည့်တိုက် ကော်မတီဝင်များ၊ ကျေးရွာ ရပ်မိရပ်ဖများ တက်ရောက်ကြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ရှေးဦးစွာစာကြည့်တိုက်အဆောက်အအုံသစ်ကို သထုံခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဦးစိုးညွန့်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒေါ်ခိုင်ဇင်ဦးနှင့် ဖြူဘကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းတို့က စာကြည့်တိုက် အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

အဆိုပါ စာကြည့်တိုက်ဖွင့်ပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက သုတ၊ ရသစာအုပ်မျိုးစုံ ၁၅၁အုပ်နှင့် ကျေးရွာစေတနာရှင်ပြည်သူများက သုတ၊ ရသစာအုပ်မျိုးစုံ ၇၃၆အုပ်လှူဒါန်းရာ ကျေးရွာစာကြည့်တိုက် ကော်မတီဥက္ကဋ္ဌက လက်ခံယူခဲ့ကြောင်း သိရသည်။

(မြို့နယ်ပြန်/ဆက်)

မန္တလေးတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ လုပ်ငန်းညှိနှိုင်းဆွေးနွေး၊ ရာသက်ပန်အသင်းဝင်အဆိုပြုလွှာပေးအပ်

မန္တလေး ဇူလိုင် ၁၀

မန္တလေးတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကို ဇူလိုင် ၆ရက် နံနက်၈နာရီက မန္တလေးတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ရုံးတွင် ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်ပြုံးဝင်း နှင့် အဖွဲ့ဝင်များ၊ မန္တလေးတိုင်း အတွင်းရှိ ခရိုင်ရှစ်ခရိုင်နှင့် မြို့နယ် ၃၃မြို့နယ်မှ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မန္တလေးတိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌဒေါ်ခင်ပြုံးဝင်းက အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ပြင်ဦးလွင်ခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာလွင်က ရာသက်ပန်အသင်းဝင်အဆိုပြုလွှာ ၂၇၆၂စောင်ပေးအပ်ရာ တိုင်းမိခင်နှင့် ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်ပြုံးဝင်းက လက်ခံယူသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ ခရိုင်နှင့်မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌများက လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်ပြုံးဝင်းနှင့် အဖွဲ့ဝင်များက ပြန်လည်သုံးသပ်၍ ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မုဒုံမြို့နယ် သဘင်ပညာရှင်များရုံးသစ်ဖွင့်

မုဒုံ ဇူလိုင် ၃

မုဒုံမြို့နယ် သဘင်ပညာရှင်များ၏ ရုံးသစ်ဖွင့်ပွဲအခမ်းအနားကို ဇွန် ၁၈ရက် နံနက် ၁၀နာရီက အဆိုပါသဘင်ရုံး ခန်းမရှေ့၌ ကျင်းပသည်။

ရှေးဦးစွာ အဆောက်အအုံသစ်ကို မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်ကျော်မောင်၊ မြန်မာနိုင်ငံသဘင်ပညာရှင်များ အစည်းအရုံးဥက္ကဋ္ဌ ဦးစိန်မာဒင်နှင့် မြို့နယ် သဘင်ပညာရှင်များ အစည်းအရုံးဥက္ကဋ္ဌ ဦးထွန်းကြည်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ပေးအပ်

ထို့နောက် ရုံးသစ်ဖွင့်ပွဲအလံကို မြန်မာနိုင်ငံ သဘင်ပညာရှင်များအစည်းအရုံး ဥက္ကဋ္ဌ ဦးစိန်မာဒင်သို့ မြို့နယ် သဘင်ပညာရှင်များ အစည်းအရုံးဥက္ကဋ္ဌ ဦးထွန်းကြည်က ပေးအပ်သည်။ **(အောက်ဝဲပုံ)**

အဆိုပါ မြို့နယ်သဘင်ပညာရှင်များ၏ရုံးသစ်ကို ကိုယ့်အားကိုယ်ကိုး ဆောက်လုပ်ခဲ့ရာ ငွေ ၂၄၇၄၄၃၆ ကျပ် ကုန်ကျခဲ့ကြောင်း သိရသည်။

တက်ရောက်

အခမ်းအနားသို့ မြန်မာနိုင်ငံ သဘင်ပညာရှင်များ အစည်းအရုံးဥက္ကဋ္ဌ ဦးစိန်မာဒင်၊ ဒုတိယဥက္ကဋ္ဌ ဦးစိန်လှမြိုင်၊ အတွင်းရေးမှူး ဦးအောင်တင်ဝင်း၊ မွန်ပြည်နယ် သဘင် ပညာရှင်များ အစည်းအရုံး ဥက္ကဋ္ဌ ဦးတိုင်းကျော်၊ အတွင်းရေးမှူး ဦးကျော်ရွှေ၊ ရွှေမြိုင်ဝင်းကြည်နှင့် မုဒုံမြို့နယ် သဘင်ပညာရှင်များအစည်းအရုံးဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာများ တက်ရောက်ကြသည်။ **(၃၃၀)**

မြို့နယ် သတင်းများ

မိုးရာသီ ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးပွဲ တောင်ကုတ်မြို့၌ ကျင်းပ

တောင်ကုတ် ဇူလိုင် ၁

မိုးရာသီ ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးပွဲတော်ကို ဇွန် ၈ ရက် ညနေ ၃ နာရီက တောင်ကုတ်မြို့နယ် ခူးကျေးရွာအုပ်စု သက္ကယ်ပြင်ကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုးသန်းကအမှာစကားပြောကြားပြီးမြို့နယ် စိုက်ပျိုးရေးမန်နေဂျာ ဦးဆန်းဝင်းက ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးပုံ နည်းစနစ်ကို ရှင်းလင်းပြောကြားသည်။

အခမ်းအနားသို့ တက်ရောက်လာသူများကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုးသန်းနှင့် အဖွဲ့ဝင် ဒုတိယရဲမှူးဇော်မင်းတို့က ခြံစည်းရိုး ကြက်ဆူမျိုးစေ့နှင့် ပျိုးပင်များကို ပေးအပ်ကြသည်။

ကြည့်ရှုအားပေး

ထို့နောက် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုးသန်းက ခြံစည်းရိုးကြက်ဆူပင်ကို စိုက်ပျိုးပေးပြီး ဒေသခံပြည်သူများ၏ စိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးသည်။

အဆိုပါအခမ်းအနားသို့ မြို့နယ် အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့ပေါ် ရပ်ကွက်များနှင့် ပတ်ဝန်းကျင်ကျေးရွာ ဥက္ကဋ္ဌများ၊ ဒေသခံပြည်သူများ တက်ရောက်ကြပြီး ခြံစည်းရိုး ကြက်ဆူပင် ၂၇၀၀ကို စိုက်ပျိုးခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)



ကြို့ပင်ကောက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်သော အလယ်ကုန်း-ဥယျာဉ်ကြီးလမ်းအရှည် ၂ မိုင် ၁ ဖာလုံ၊ အကျယ် ၁၀ ပေ ဂဝံခင်းခြင်းလုပ်ငန်းဆောင်ရွက်မှုကို ဇူလိုင် ၃ရက်က အမှုဆောင်အရာရှိ ဦးစိုးထွန်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမော်လွင်တို့ ကွင်းဆင်းဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်ဟောပြောပွဲ ခင်ဦး၌ကျင်းပ

ခင်ဦး ဇူလိုင် ၇

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ဟောပြောပွဲကို ခင်ဦးမြို့ (အထက) သီရိရတနာခန်းမ၌ ဇွန် ၂၆ရက် နံနက် ၁၀နာရီကကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်လွင်က အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အတွက် ပြည်ထောင်စုမြန်မာနိုင်ငံတော် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီးထံမှ ပေးပို့သည့်သဝဏ်လွှာကို ဖတ်ကြားသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှ ရဲအုပ်ကျော်ဝင်းက မူးယစ်ဆေးဝါး တားဆီးကာကွယ်ရေး လုပ်ငန်းများနှင့် စပ်လျဉ်း၍ လည်းကောင်း၊ ဒုတိယမြို့နယ်တရားသူကြီး ဒေါ်စန္ဒာဝင်းက မူးယစ်ဆေးဝါးပုဒ်မနှင့် ပြစ်ဒဏ်များကိုလည်းကောင်း၊ ဒုတိယမြို့နယ်ဥပဒေအရာရှိ ဦးရဲမြင့်က မူးယစ်ဆေးဝါး အန္တရာယ်ကြီးမားပုံများကို လည်းကောင်း ရှင်းလင်းဟောပြောရာ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး အသင်းဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့ပေါ်ရပ်ကွက်ဥက္ကဋ္ဌများ၊ ဆရာဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြကြောင်း သိရသည်။ **(က-ပ)**

ညောင်ဦးမြို့ ရေပေးရေး တိုးချဲ့ပိုက်လိုင်းဆွဲရန် တိုင်းတာဆောင်ရွက်

ညောင်ဦး ဇွန် ၂၀

ညောင်ဦးမြို့ (ပုဂံ) မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်လျက်ရှိသော မြို့ရေပေးရေးလုပ်ငန်းတွင် ရေရရှိမှု နည်းပါးသော အမှတ် ၆ နယ်မြေ အောင်မြေသာရပ်ကွက်သို့ တိုးချဲ့ ရေပေးဝေနိုင်ရေး အတွက် ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းအသုံးစရိတ်မှ တိုးချဲ့ပိုက်လိုင်းဆွဲရန် မေ ၂၈ရက်က မြို့ရေပေးရေး တာဝန်ခံ ဦးဝင်းဦး (အငယ်တန်းအင်ဂျင်နီယာ-၂)နှင့် အဖွဲ့က မြေတိုင်းတာခြင်းလုပ်ငန်း ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် မစိုးရိမ် ကျောင်း လမ်း အမှတ်(၁၅၅-အီး) နေ ဒုတိယဗိုလ်မှူးကြီး မြတ် ငြိမ်း (ငြိမ်း)- ဒေါ် မြင့် မြင့် ဆွေ မိသားစုက ဒဂုံမြို့နယ် အမှတ်၁၆ စကားဝါလမ်း မင်းကွန်း ဆ ရာ တော် ကြီး၏ တိပိဋက တိုးချဲ့ ခြောက်ထပ် ကျောင်းတော်ကြီး အတွက် အလှူငွေကျပ်တစ်သိန်းကို အနုနာယကဆရာတော် ဘဒ္ဒန္တပဏ္ဍိစ္စထံ ရေစက်ချ အနုမောဒနာတရားနာယူပြီး တိ=နိ (ရန်ကုန်ဌာန) ဘဏ္ဍာငွေထိန်း ဦးတင့်ဆွေထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

အမှိုက်များသိမ်းဆည်း ပေါင်းမြက်များရှင်းလင်း

ပလောက် ဇူလိုင် ၅

မြိတ်ခရိုင် ပလောက်မြို့နယ်စည်ပင်သာယာရေးအဖွဲ့သည် မြို့သန့်ရှင်းသာယာရေးလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ဇွန် ၂၃ရက်က ပလောက်မြို့ စည်ပင်သာယာဈေးကြီးအတွင်း အပြင်တို့တွင် အမှိုက်များ သိမ်းဆည်းခြင်းနှင့် ပေါင်းမြက်များ ရှင်းလင်းခြင်းတို့ကို စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများနှင့် ဈေးသူဈေးသားများ စုပေါင်းဆောင်ရွက်ကြရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ တာဝန်ခံဦးမျိုးဝင်းလှိုင် ကြီးကြပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

ဇူလိုင် ၁၁ရက်က ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် အထွေထွေရောဂါကုဆေးရုံကြီးဝင်းအတွင်းရှိ သံဃာ့ဆေးရုံကြီးကြပ်ရေးအဖွဲ့၏ ပထမအကြိမ် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲတွင် ဒုတိယဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်ခင်ဆွေဝင်းက ဆရာတော်ထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

ရှမ်းပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ ကြီးမှူး ဝတ်စားဆင်ယင်မှုပြပွဲ တောင်ကြီးမြို့၌ကျင်းပ

တောင်ကြီး ဇူလိုင် ၇

မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့် ရှမ်းပြည်နယ်အမျိုးသမီး ရေးရာအဖွဲ့က ကြီးမှူးကျင်းပသော ပြည်တွင်းဖြစ်အထည် ဝတ်စားဆင်ယင်မှုပြပွဲ အခမ်းအနားကို ဇူလိုင် ၁ရက် ညနေ၆နာရီက တောင်ကြီးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်သင်းမျိုးမျိုးအောင်က အဖွင့်အမှာစကားပြောကြားပြီး ပြည်တွင်းဖြစ် အထည် ဝတ်စားဆင်ယင်ထုံးဖွဲ့မှုပြပွဲနှင့် ဖျော်ဖြေရေး အစီအစဉ်များဖြင့် ဆောင်ရွက်ကြသည်။

အဆိုပါ အခမ်းအနားတွင် မီးမီးမွေး အလှဖန်တီးရှင် ကိုမျိုးမျိုးက ရှမ်းပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ကို အလှူငွေကျပ်တစ်သိန်းပေးအပ်ရာ ရှမ်းပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်သင်းမျိုးမျိုးအောင်နှင့် ရှမ်းပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဆွေဆွေမြင့်တို့က လက်ခံယူပြီး သရုပ်ပြလှပျိုဖြူလေးများနှင့် ဖျော်ဖြေရေးအဖွဲ့ဝင်များအား ဂုဏ်ပြုလက်ဆောင်ပန်းခြင်းနှင့် ဂုဏ်ပြုဆုငွေ ကျပ်သုံးသိန်း ပေးအပ်ချီးမြှင့်သည်။

(ပြည်နယ်အမျိုးသမီးရေးရာ)

ပဲခူးတိုင်း (အနောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူးဦးသန်းလှိုင် ဦးဆောင်သောအဖွဲ့ ဇွန် ၁၀ရက်က မင်းလှမြို့ ရေပေးရေးလုပ်ငန်းများ စစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာဦးသန်းလွင်က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် ဟိုပန်၌ ကျင်းပ

ဟိုပန် ဇူလိုင် ၄

ရှမ်းပြည်နယ်(မြောက်ပိုင်း) ဟိုပန်မြို့တွင် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် အခမ်းအနားကို ဇူလိုင် ၃ ရက် နံနက် ၉ နာရီက အခြေခံပညာအထက်တန်းကျောင်း စာမဟာခန်းမ၌ ကျင်းပသည်။

ရှင်းလင်းဟောပြော

ရှေးဦးစွာ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ အဖွဲ့ဝင်ဒေါ်ခင်မြရည်က အမှာစကားပြောကြားပြီး မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်အတွင်းရေးမှူး ဒေါ်နန်းခမ်းပန်က လူမှောင်ခိုနှင့် လူကုန်ကူးမှု တားဆီးကာကွယ်ရေးခေါင်းစဉ်ဖြင့်လည်းကောင်း၊ **(အပေါ်ပုံ)** အဖွဲ့ဝင် ဒေါ်စိုးစိုးရွှေက မြန်မာ့သမိုင်းနှင့် မြန်မာအမျိုးသမီးများအကြောင်း ခေါင်းစဉ်ဖြင့်လည်းကောင်း တင်ပြ ဆွေးနွေး ဟောပြောသည်။

အဆိုပြုလွှာပေးအပ်

ဆက်လက်၍အဖွဲ့ဝင်ဒေါ်တင်တင်ဝင်းက သက်ငယ်အဆိုပြုလွှာ အစောင် ၁၂၀ကို အဖွဲ့ဝင် မြို့နယ်ပညာရေးမှူး ဒေါ်အင်နှင်းတောင်ထံ ပေးအပ်သည်။

မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် အထက်တန်းဆင့်နှင့် အလယ်တန်းဆင့် စာစီစာကုံးပြိုင်ပွဲဆုရရှိသူများကို မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များက ဆုချီးမြှင့်ကြသည်။

(မြို့နယ် ပြန်/ဆက်)

သွေးလွန်တုပ်ကွေးကာကွယ်ရေး မြင်းခြံ၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

မြင်းခြံ ဇူလိုင် ၂

မြင်းခြံမြို့၌ သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေးစီမံချက်အရ အပတ်စဉ်စနေနေ့တိုင်း စုပေါင်းသန့်ရှင်းရေးများ ဆောင်ရွက်လျက်ရှိရာ ဇွန် ၉ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ၊ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ရပ်ကွက်ပြည်သူများစုပေါင်း၍ အမှိုက်သိမ်းယာဉ်ငါးစီးဖြင့် အမှတ်(၁၅)ရပ်ကွက် အထက(၁) တောင်ဘက်လမ်းဘေးရှိ ချုံနွယ်ပိတ်ပေါင်းများ ရှင်းလင်းခြင်း၊ စက်ယန္တရားဖြင့် ရေမြောင်းများ တူးဖော်ခြင်းနှင့် ခြင်ဆေးဖျန်းခြင်း လုပ်ငန်းများဆောင်ရွက်ကြသည်။ အဆိုပါစုပေါင်းလုပ်အားပေးပွဲ အခမ်းအနားသို့ စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိဒုတိယညွှန်ကြားရေးမှူးဦးလေးလွင်နှင့် မြို့နယ်ဥက္ကဋ္ဌ ဦးစန်းအောင်တို့က ကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

ရေရရှိရေး

ဝမ်းတွင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ကျေးလက်ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ယူနီဆက် ထောက်ပံ့ငွေဖြင့် ဆောင်ရွက်သော စိန်ပန်းပင်ရွာ ရေတံကင်တူးဖော်မှု အခြေအနေနှင့် အများပြည်သူ ပုံမှန်သုံးစွဲနိုင်ခြင်း ရှိမရှိကို ဇွန် ၂၇ရက်က အမှုဆောင်အရာရှိ ဦးစောထွန်းစိန် ကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

THREE FRIENDS CONSTRUCTION CO., LTD. လုံးချင်းနှင့်အထပ်မြင့်တိုက်များဆောက်လုပ်ပေးခြင်း

(PAE)စနစ် ⇨(ပစ္စည်းဖိုး+ လုပ်အားခ+ကြီးကြပ်ခ) ပုတ်ပြတ်စနစ်ဖြစ်၍ မလိုအပ်သော အပိုကုန်ကျစရိတ်များ၊ ပစ္စည်းဈေးနှုန်း အပြောင်းအလဲကြောင့် ခန့်မှန်းသည်ထက်ပိုမို ကုန်ကျမှုများ မရှိတော့သဖြင့် မိမိကုန်ကျလိုသော **Budget** အတိုင်းသာ ကုန်ကျနိုင်ပါသည်။

အရည်အသွေး ⇨ကျွမ်းကျင်သူ အင်ဂျင်နီယာ၊ ဗိသုကာများက ပုံစံထုတ် အနီးကပ် ကြီးကြပ်စီစဉ် ဆောက်လုပ်သဖြင့် အရည်အသွေး ခိုင်မာစိတ်ချရပါသည်။ အရည်အသွေးအတွက် လက်ရှိဆောက်လုပ်ဆဲ၊ ဆောက်လုပ်ပြီး တိုက်များကို လေ့လာနိုင်ပါသည်။

ငွေပေးချေမှု ⇨အရစ်ကျငွေပေးချေမှုစနစ်သာ ဖြစ်သဖြင့် ဆောက်ပြီးသားကို ဝယ်သကဲ့သို့ တစ်လုံးတစ်ခဲကုန်ကျစရာ မလိုပါ။

ဆောက်သင့်သူများ ⇨အိမ်တွင်လူခွဲမရှိသူများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊နိုင်ငံခြားတွင် အလုပ်လုပ်ကိုင်နေသူများ၊ပေးရသော တန်ဖိုးနှင့်ညီမျှသောအရည်အသွေးလိုချင်သူများ။

စဉ်းစားသင့်သည့်အချက် ⇨မိမိပိုင်သော မြေပေါ်တွင်ဆောက်သော ပုံသေပိုင်ပစ္စည်းဖြစ်သဖြင့် ရေရှည်ခိုင်မာသည့် ရင်းနှီးမြှုပ်နှံမှုဖြစ်သည်။
လက်ရှိကာလပေါက်ဈေး-(PAE ကုန်ကျစရိတ်+မြေဖိုး)= ကွာခြားချက်ကို နှိုင်းယှဉ်ကြည့်နိုင်ပါသည်။

ကုန်ကျစရိတ် ⇨30'x40'နှစ်ထပ်RC အဆောက်အအုံအတွက် ခန့်မှန်းကုန်ကျစရိတ်မှာ ကျပ်သိန်း(၃၀၀)ကျော်ဖြစ်သည်။အချိန်ကာလမှာ(၆)လခန့်သာကြာမြင့်ပါသည်။

44A(1)၊ ကျိုက်တော်အိမ်ရာ၊ ရန်ကုန်(ကုန်သွယ်မှုဗဟိုဌာနအနောက်)၊မင်္ဂလာတောင်ညွန့်၊ ရန်ကုန်။ 01- 201478, 294864, 298341, 299947 09-50 11443, 09-50 10289, 09-51 54853, 09-51 55037

သွင်းကုန်အစားထိုး စက်မှုကုန်ပစ္စည်းများ ထုတ်လုပ်မည့် ပြည်မြို့ နဝဒေးရပ်ကွက်၌ ပြည်စက်မှုဇုန်သစ် ဖွင့်လှစ်

နေပြည်တော် ဇူလိုင် ၁၅

ပဲခူးတိုင်း ပြည်မြို့၌ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကို၊ ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးကြီးစိန်မြင့်၊ အင်းမ တပ်နယ်မှ ဗိုလ်မှူးကြီးမောင်မောင်အေးနှင့် **စာမျက်နှာ ၁၂ ကော်လံ ၁** ■

မော်တော်ယာဉ်များ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း ပြည်စက်မှုဇုန်ထုတ် မော်တော်ယာဉ်များကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ဆီအုန်းစိုက်ပျိုးမှု တိုးတက်ရေး ပံ့ပိုးကူညီ ဆီကြိတ်စက်များ အထွက်နှုန်းပိုမိုရရှိရေး ကြိုးပမ်း

နေပြည်တော် ဇူလိုင် ၁၅

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိပုဂ္ဂိုလ်များလိုက်ပါလျက် ဇူလိုင် ၁၂ ရက် နံနက်ပိုင်းတွင် မွန်ပြည်နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးရန် နေပြည်တော်မှ မော်တော်ယာဉ်များဖြင့် ထွက်ခွာကြသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို အင်္ဂဘိုသုတေသနနှင့် မျိုးပွားခြံရှိ ဆီကြိတ်စက်ရုံတွင် ဆီသီးနိုင်များမှ ဆီကြိတ်ထုတ်လုပ်မှုလုပ်ငန်းစဉ်များကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ကြိုဆို

ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် အဖွဲ့ဝင်များသည် မွန်းတည့် ၁၂ နာရီတွင် ပဲခူးတိုင်းနှင့် မွန်ပြည်နယ်တို့ကို ဆက်သွယ်ထားသည့် စစ်တောင်းမြစ်ကူးတံတားသို့ ရောက်ရှိကြရာ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်းနှင့် တပ်မတော်အရာရှိကြီးများနှင့် ဌာနဆိုင်ရာ တာဝန်ရှိများက ကြိုဆိုကြသည်။ **စာမျက်နှာ ၇ ကော်လံ ၁** *

မြန်မာ့အလင်း

ဆောင်းပါး အညွှန်း

ပြည်သူလူထုတစ်ရပ်လုံး စိတ်တူကိုယ်တူ တစ်သဘောတည်းဆောင်ရွက်ကြခြင်းသည်သာ

ယနေ့မြန်မာနိုင်ငံသည် ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ်ဆီသို့ အမှန်တကယ် ရောက်ရှိလိုပါက တစ်ခုတည်းသော ထွက်ပေါက်မဟာဗျူဟာမှာ တပ်မတော်အစိုးရက သတ်မှတ်ဖော်ဆောင်ပေးလျက်ရှိသော လမ်းပြမြေပုံ(၇)ဆင့်သာဖြစ်သည်။ ယခုပထမအဆင့်၏ နောက်ဆုံးအခြေအနေသို့ ရောက်ရှိနေပြီဖြစ်ပြီး ကျန်အဆင့်များ တစ်ဆင့်ပြီးတစ်ဆင့် လျင်မြန်စွာ ပြီးမြောက်စေရေးအတွက် ပြည်သူလူထုတစ်ရပ်လုံး စိတ်တူကိုယ်တူ တစ်သဘောတည်း ဆောင်ရွက်ကြခြင်းသည်သာ အကောင်းဆုံးသော နည်းလမ်းဖြစ်မည်ဆိုသည်ကို ကျွန်တော်တို့အားလုံး နားလည် ယုံကြည်မှုထားသင့်ကြပါပြီ။

ဦးဆွေ(ဗဟန်း)၏ လွယ်မယောင်နှင့်ခက်၊ တိမ်မယောင်နှင့်နက်နေရသော အသွင်ကူးပြောင်းရေး ဆောင်းပါး (စာ ၈ – ၉) တွင် ဖတ်ရှုနိုင်ပါသည်။